## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၂၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

[တနင်္လာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ Thai Workshop တက်၊ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ မိသားစုကိစ္စ။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ဖခင်ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိခွဲ။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ မိသားစုကျန်းမာရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။

ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျှူကွယ်ရှို၊ ရှမ်း(၁၁)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်သား၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်သား၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးကျော်ဒင်၊ ကယား(၂)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်သား၊ တာဝန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်း။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁ဝး၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့အတွက် မီးသတ် ယာဉ်(၁)စီးနှင့် အင်းတော်ကြီးဒေသအတွက် နန့်မွန်းကျေးရွာတွင် မီးသတ်ယာဉ်(၁)စီး ချပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့အတွက် မီးသတ်ယာဉ်(၁)စီးနှင့် အင်းတော်ကြီးဒေသအတွက် နန့်မွန်းကျေးရွာတွင် မီးသတ်ယာဉ်(၁)စီး ချပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်ဒေသအတွက် ဟိုပင်မြို့မှာ ဟိုပင်မြို့နဲ့ အင်းတော်ကြီးဒေသအတွက် နန့်မွန်းကျေးရွာတို့တွင် နိုင်ငံတော်ကနေပြီးတော့မှ ခွဲဝေချထားပေးတဲ့ မီးသတ်ယာဉ်(၂)စီး ပေးနိုင်ရန်အတွက်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးညှင်းမြို့နယ်၊ ဟိုပင်ဒေသနဲ့ အင်းတော်ကြီးဒေသဟာ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဒေသမှာ လိုအပ်ချက်အရ ပြည်ထောင်စုဝန်ကြီးကို တောင်းခံလိုတာကတော့ ကျွန်တော့်အနေနဲ့ နံပါတ်(၁) ဟိုပင်ဒေသအတွက်ကို ဟိုပင်မြို့မှာ မီးသတ်ယာဉ်(၁)စီး၊ အင်းတော်ကြီးဒေသအတွက်ကို နန့်မွန်းကျေးရွာမှာ မီးသတ်ယာဉ်(၁)စီး၊ မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်မှ စဉ်းစားပေးနိုင်ရန် တောင်းခံသွားမှာ ဖြစ်ပါတယ်။

တင်ပြတောင်းခံရခြင်း အကြောင်းအရင်း တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဟိုပင်ဒေသဟာ အိမ်ခြေ(၈၀၀၀)ကျော်၊ လူဦးရေ(၅၀၀၀၀)ဝန်းကျင် ရှိပါတယ်။ ဟိုပင်မြို့ပေါ်တွင် ဝန်ကြီးဌာနပေါင်း(၂၀) ကျော်ရှိပါတယ်။ နောက်ပြီးတော့မှ အထက်တန်းကျောင်း(၂)ကျောင်းနဲ့ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း ရှိပါတယ်။ နောက် ကျွန်တော်တို့ (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံရှိသလို မြန်မာနိုင်ငံရဲ့စခန်းကြီး တစ်ခုလည်းရှိပါတယ်။ နောက်ပြီးတော့မှ ဟိုပင်မြို့ပေါ်မှာပဲ ခြေမြန်တပ်ရင်း (၃)ရင်းရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟိုပင်မြို့အနေနဲ့ကြည့်တဲ့အခါ စီးပွားရေးအချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်တာနဲ့အညီ လူအသွားအလာ အနေအထိုင် ထူထပ်မြို့လည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဟိုပင်မြို့အတွက် မီးသတ်ယာဉ်ကြီး(၁)စီး ချပေးဖို့တောင်းခံရခြင်း ဖြစ်ပါတယ်။ အဲဒီ ဟိုပင် အရန်မီးသတ် အခြေအနေကို တင်ပြရမယ်ဆိုရင် ၁၉၅၂ ခုနှစ်ကစပြီးတော့မှ ဟိုပင်အရန် မီးသတ်တပ်ဖွဲ့ကို မီးသတ်စည်းရုံးရေးအဖြစ် စတင်ပြီးတော့မှ သန္ဓေတည် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်မှာ မြို့မိမြို့ဖများကနေပြီးတော့မှ အဲဒီ မီးသတ်ယာဉ်အတွက် ဒေါ့ဂျစ်ကား(၁)စီးဝယ်ပြီး မီးသတ်အတွက် တပ်ဆင်အသုံးပြုနိုင်ရန် တည်ထောင်ပေးခဲ့ပါတယ်။ သို့သော် ဟိုပင်မြို့က ၁၉၈၁ ခုနဲ့ ၁၉၈၂ ခုမှာ မြို့မဖြစ်စဥ်ကာလတုန်းက မီး(၂)ကြိမ်လောင်ခဲ့တာကို ဟိုပင်ရွာကြီးဟာ တစ်ဝက်လောက်နီးနီး မီးဘေးအန္တရာယ်နဲ့ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖန်မြို့မိမြို့ဖများကနေပြီးတော့ ၁၉၉၀ မှာ GMC (၁)စီးကို ဝယ်ပြီးတော့မှ အဲဒီလိုပဲ မီးသတ်ယာဉ်အဖြစ် တပ်ဆင်ပြီးတော့မှ အသုံးပြုခဲ့ပါတယ်။ သို့သော်လည်း တစ်နေ့နဲ့တစ်နေ့ ဒေသလူနေထူထပ် ပေါများလာတဲ့အတွက် ၁၉၉၅ မှာ တစ်ဖန် ကိုယ့်အားကိုယ်ကိုးနဲ့ မြို့မိမြို့ဖများကနေပြီးတော့ မှ UD Counter (၁)စီးကို ထပ်မံပြီးတော့မှ မီးသတ်ကားအဖြစ် တပ်ဆင်ပြီးတော့မှ အသုံးပြုခဲ့ပါတယ်။ သို့သော် အဲဒီကားတွေကို ဒီကနေ့ ပြန်ကြည့်တဲ့အခါမှာ ခေတ်မမီတာနဲ့အမျှ ယခုအခါ ပြင်ဆင်ဖို့လည်း အင်မတန်မှ ပစ္စည်းရှားတဲ့အတွက် ခက်ခဲနေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်း ၁၉၅၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့တဲ့ ဟိုပင်အရန်မီးသတ်ဟာ နိုင်ငံတော်က (၆၂)နှစ်ကာလအတွင်းမှာ နိုင်ငံတော်မှ ချပေးခဲ့တဲ့ မီးသတ်ကားယာဉ်(၁)စီးမျှ မရဖူးသေးပါဘူး။ ဒီနေ့ ဟိုပင်အရန်မီးသတ်အဖွဲ့ကို ကြည့်လိုက်တဲ့အခါ ဒုတပ်ရင်းမှူးတစ်ယောက် ကွပ်ကဲတဲ့ မီးသတ်အဖွဲ့ တပ်ရင်းရုံးကလေး ဖွဲ့ပြီးတော့မှ ဟိုပင်မြို့ပေါ်အင်အား(၅၀)နဲ့ ကျေးလက်အင်အား(၅၀၀)ကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဟိုပင်ဒေသအတွက် ဟိုပင်မြို့မှာ လိုအပ်ချက်အရ ခေတ်နဲ့အညီ မီးသတ်ယာဥ်ကြီး(၁)စီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရရှိရေးအတွက်ကို တောင်းခံရခြင်း ဖြစ်ပါတယ်။

နံပါတ်(၂) အင်းတော်ကြီးဒေသအတွက်ကို တောင်းခံရခြင်းမှာ အင်းတော်ကြီးဒေသကလည်း ဒေသတစ်ခုလုံးမှာ အိမ်ခြေ(၉၈၀၀)ကျော် ရှိပြီးတော့မှ လူဦးရေ (၅၀၀၀၀)ကျော် ရှိပါတယ်။ ယခုလွန်ခဲ့တဲ့ တပေါင်းလကာလမှာ မြန်မာနိုင်ငံမှာ တန်ခိုးကြီးဘုရားဖြစ်တဲ့ ရွှေမဥ္ဇူရေလယ်ဘုရားပွဲတော် ကာလမှာ ဘုရားဖူးတဲတန်းကနေပြီးတော့မှ မီးလောင်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီအခါကျတော့ အင်းတော်ကြီးဒေသမှာရှိတဲ့ အရန်မီးသတ်အဖွဲ့တွေနဲ့ ဘုရားဖူးဧည့်သည်တွေဟာ ရေပုံးနဲ့ မီးချိတ်၊ မီးကတ်တွေနဲ့ပဲ ငြိမ်းခဲ့ရပါတယ်။ အဲဒီမှာ ဘုရားဖူး(၁၀)တဲ မီးလောင်သွားခဲ့ပါတယ်။ အကယ်၍သာ မီးသတ်ယာဥ်သာ ရှိခဲ့မယ်ဆိုရင် အခုလို ဆုံးရှုံးမှုမျိုးမဖြစ်နိုင်ဘူးလို့ ဒီလိုသုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ အင်းတော်ကြီးဒေသအတွက်ကတော့ အိမ်ခြေ(၂၀၀၀)နဲ့ လူဦးရေ(၂၀၀၀၀)ဝန်းကျင်ရှိတဲ့ နန့်မွန်းကျေးရွာကြီးမှာ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးသတ်ယာဥ်ကြီး(၁)စီး ချပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကို မေးမြန်းလိုတာက ကျွန်တော်တို့ မိုးညှင်းမြို့နယ် ဟိုပင်ဒေသအတွက် ဟိုပင်မြို့နယ်(ခွဲ)မှာ မီးသတ်ယာဥ်ကြီး(၁)စီး၊ အင်းတော်ကြီးဒေသအတွက် နန့်မွန်းကျေးရွာတွင် မီးသတ်ယာဥ်ကြီး(၁)စီး၊ ပေါင်း(၂)စီးကို နိုင်ငံတော်က ချပေးနိုင်ခြင်း ရှိ/မရှိ။ အကယ်၍ ရှိမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့

လာမယ့်ပွင့်လင်းရာသီ မိုးကုန်ပွင့်လင်းရာသီမှာ အချိန်မီချပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ ပြည်သူများ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဟိုပင်မြို့မှာ မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်၊ အိမ်ခြေ(၃၇၀၈)လုံး၊ အိမ်ထောင်စု(၃၉၅၅)စု၊ လူဦးရေ(၂၃၁၈၉)ဦး၊ ကျေးရွာအုပ်စုပေါင်း(၈)အုပ်စု၊ ကျေးရွာပေါင်း(၂၂)ရွာနဲ့ ဌာနဆိုင်ရာ အဆောက် အဦ(၂၂)လုံး တည်ရှိပါတယ်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ အထိ (၁၀)နှစ်တာကာလအတွင်း မီးလောင်မှု(၇)ကြိမ် ဖြစ်ပွားခဲ့ပြီး၊ တန်ဖိုးငွေကျပ်(၃၀၃၀၀၀၀)ခန့် ဆုံးရှုံးခဲ့ပါတယ်။ ဟိုပင်မြို့ အရန်မီးသတ်စခန်းမှာ လက်ရှိ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေယာဉ်၊ ရေသယ်ယာဉ်(၂)စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၆၈၄)ဦးတို့ဖြင့် ဟိုပင်မြို့ရဲ့ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဟိုပင်မြို့မှာ လက်ထောက်မီးသတ်ဦးစီးမှူး၊ ဦးစီးအင်အား(၉)ဦး၊ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၂)စီးတို့ဖြင့် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ရန် အတွက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃၄ ဖြင့် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် မီးငြိမ်းသတ် ယာဉ်(၁၀)စီး၊ မီးသတ်ရေသယ်ယာဉ်(၁၂)စီး ဝယ်ယူရန် ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပြီးလည်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် မီးသတ်ယာဉ်ကြီးများကို လုပ်ထုံးလုပ်နည်းနဲ့ အညီ ဝယ်ယူပြီးပါက ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနရဲ့ မီးသတ်ယာဉ်ဖြန့်ခွဲရန် လျာထားစာရင်းအရ ဟိုပင်မြို့နယ် နယ်မြေမီးသတ်စခန်းအတွက် မီးငြိမ်းသတ်ယာဉ်(၁)စီး ဖြန့်ခွဲတာဝန်ချထားရန် ကချင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ကို ရယူပြီးတော့ ဖြည့်တင်းပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသမှာ ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ (၁၀)နှစ်တာကာလအတွင်း ၂၀၁၂ ခုနှစ်က မမုံးခိုင်ကျေးရွာမှာ မီးလောင်မှု(၁)ကြိမ်နဲ့

လွဲမွှန်ကျေးရွာ၊ ရွှေမဥ္ဇူရေလယ်ဘုရားပွဲတော်မှာ (၁)ကြိမ်၊ စုစုပေါင်း(၂)ကြိမ်ဖြစ်ပွားခဲ့ပြီး၊ တန်ဖိုးငွေကျပ် (၃၃၀၀၀၀၀)ခန့် ဆုံးရှုံးခဲ့ပါတယ်။ နန့်မွှန်းကျေးရွာဟာ ရပ်ကွက်(၁၀)ရပ်ကွက်၊ အိမ်ခြေ(၂၃၈၂)လုံး၊ အိမ်ထောင်စု(၂၄၈၉)စု၊ လူဦးရေ(၁၃၃၄၂)ဦး၊ ကျေးရွာပေါင်း(၄)ရွာနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား (၆၀)ဦး ရှိပါတယ်။ အင်းတော်ကြီးဒေသ၊ နန့်မွှန်းကျေးရွာမှာ (၁၀)နှစ်တာကာလအတွင်း မီးလောင်ဆုံးရှုံးမှု မရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေနဲ့မီးသတ်စခန်းနဲ့ မီးသတ်ယာဉ်များ ဖြည့်တင်းဦးစားပေးအဆင့် သတ်မှတ်ရာမှာ မြို့တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစတဲ့ အစီအစဉ်အပြင် အိမ်ခြေနဲ့ လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများ တည်ရှိမှု၊ (၁၀)နှစ်တာကာလအတွင်း မီးလောင်မှု အကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဘိုး၊ မီးသတ်ယာဉ်ဝင်/ထွက်နိုင်တဲ့ လမ်းများ စတဲ့ အချက်အလက်များ အပေါ် မူတည်ပြီး ဦးစားပေးအဆင့်များ သတ်မှတ်၍ ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ နန့်မွှန်းကျေးရွာဟာ နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ရန်အတွက် ဖွဲ့စည်းပုံမရှိသဖြင့်လည်းကောင်း၊ ကျေးရွာအဆင့် ဖြစ်တဲ့အတွက်လည်းကောင်း၊ မီးသတ်ယာဉ်ဖြည့်ဆည်းပေးရန် အစီအစဉ် မရှိပါကြောင်းနဲ့ အဆိုပါ ကျေးရွာဟာ ကျေးရွာအဆင့်သာ ဖြစ်တဲ့အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်သာ ဖွဲ့စည်းထားရှိပြီး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာသုံးမီးသတ်ယာဉ်များ ထားရှိနိုင်ရေး စည်းရုံးဆောင်ရွက်နေသကဲ့သို့ နယ်မြေမီးသတ်စခန်း ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး အစီအစဉ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်း အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်း အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဟာ ချောက်မြို့နဲ့(၂၇)မိုင်၊ ကျောက်ပန်းတောင်းမြို့နဲ့(၁၈)မိုင်၊ ရေနံချောင်းမြို့နဲ့ (၂၂)မိုင်ကွာဝေးပြီး၊ မြို့(၃)မြို့၏ သုံးပွင့်ဆိုင် အလယ်မှာတည်ရှိကာ ချောက်-မကွေး သွား ကားလမ်းမ ကြီးနဲ့ (၅)မိုင်ခန့်ကွာဝေးတဲ့နေရာမှာ ရှိပါတယ်။ အနီးဆုံးကျောင်းဖြစ်တဲ့ အ.ထ.က ဝွေးချို နဲ့ (၁၀)မိုင် ခန့်ကွာဝေးခြင်း၊ တောင်ကျချောင်းရေများ ရှိနေခြင်းတို့ကြောင့် ကျောင်းသား/ကျောင်းသူများ သွားလာ ရန် ခက်ခဲမှုရှိနေပြီး၊ ကျောင်းနေနိုင်မှု နည်းပါးလျက်ရှိနေပါတယ်။ ချောက်မြို့နယ်၊ လင်းတကိုင်း ကျေးရွာအုပ်စု၊ လင်းတကိုင်းကျေးရွာဟာ အိမ်ခြေ(၂၄၂)အိမ်၊ လူဦးရေ(၁၃၇၂)ဦးနေထိုင်လျက်ရှိပြီး လင်းတကိုင်းကျေးရွာ မူလတန်းလွန်ကျောင်းမှာ စုစုပေါင်းကျောင်းသား (၂၃၃)ဦး၊ ပညာသင်ကြား လျက်ရှိသည့်အနက် အလယ်တန်းကျောင်းသားဦးရေ(၁၄၀)ဦး ပညာသင်ကြားလျက်ရှိပါတယ်။

အဆိုပါ လင်းတကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဟာ တွဲဖက်ကျောင်းအဖြစ် (၂၃)နှစ်၊ မူလတန်းလွန်ကျောင်းအဖြစ် (၁၃)နှစ်ကြာမြင့်ပြီလည်း ဖြစ်ပါတယ်။ အဆိုပါ လင်းတကိုင်း မူလတန်းလွန်ကျောင်းကို အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ပေးလို့ရှိရင် လင်းတကိုင်းကျေးရွာ အုပ်စုမှာရှိတဲ့ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ဆယ်ကန်ရွာ၊ ညောင်ပင်စမ်းရွာ၊ သစ်လှရွာ၊ စမ်းရေယဉ်ရွာ၊ ဖက်သန်းတောရွာ၊ ညောင်ကျပွင့်ရွာတို့မှ ကျောင်းသား/ကျောင်းသူများ ဆက်လက်ပညာ သင်ကြားနိုင်မှာလည်း ဖြစ်ပါတယ်။ လင်းတကိုင်းကျေးရွာ ကျေးရွာအုပ်စု လင်းတကိုင်းမူလတန်းလွန် ကျောင်းဟာ ယခင်က လင်းတကိုင်း တွဲဖက်အလယ်တန်းကျောင်းအဖြစ် ၁၉၇၇ ခုနှစ်မှ စတင်ဖွင့်လှစ် သင်ကြားခွင့်ရခဲ့ပြီးမှ (၃၆)နှစ်သက်တမ်း ကြာခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှာတော့ အခြေခံမူလတန်းလွန်ကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ရာမှာ ယခုဆိုလျှင် (၁၃)နှစ်ကြာခဲ့ပြီး သတ္တမတန်းအထိ သင်ကြားခွင့် ရရှိခဲ့ပါတယ်။

ယခုလက်ရှိအခြေအနေမှ လင်းတကိုင်းကျေးရွာအုပ်စုဟာ အခြေခံပညာအလယ်တန်းကျောင်း မရှိတဲ့အတွက် ကျေးရွာအုပ်စုရှိ ကျေးရွာများနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ပညာဆက်လက် သင်ကြား လိုတဲ့ ကျောင်းသား/ကျောင်းသူများ ဆက်လက်ပညာသင်ကြားနိုင်ခြင်း မရှိဘဲနဲ့ အခက်အခဲများ တွေ့နေကြရပါတယ်။ ဒါကြောင့် ကျောင်းသား/ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ဖို့အတွက် လင်းတကိုင်းကျေးရွာအုပ်စု လင်းတကိုင်းကျေးရွာမှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အမှန်တကယ် လိုအပ်လျက်ရှိတဲ့အတွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးနိုင်ပါရန် ဒေသခံပြည်သူ များကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်။ သို့ပါ၍ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်း

ကျေးရွာအုပ်စု၊ လင်းတကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား/ကျောင်းသူများ ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နယ်မြေခံ ပြည်သူလူထုကိုယ်စား အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(၁) ချောက်မြို့နယ် လင်းတကိုင်းကျေးရွာအုပ်စု၊ လင်းတကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ၊

(၂) ဖွင့်လှစ်ပေးနိုင်မည် ဆိုပါက မည်သည့်ပညာသင်နှစ်မှစ၍ တိုးမြှင့်ဖွင့်လှစ်ပေးမည်တို့ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဖုံးအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဖုံး အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟားခါးမြို့နယ်အတွင်းရှိ ဘုံဖုံးကျေးရွာဟာ ချင်းပြည်နယ် မှ မိုင်(၆၀)ခန့် ကွာဝေးပြီးတော့ မကွေးတိုင်း၊ ဂန့်ဂေါမြို့ကနေ မိုင်(၂၀)လောက် ကွာဝေးသော ကျေးရွာဖြစ်နေပါတယ်။ ဟားခါး-ဂန့်ဂေါ လမ်းမကြီးပေါ်မှာရှိပြီးတော့ ပတ်ဝန်းကျင်မှာ ကျေးရွာ(၇)ရွာနဲ့ရှိတဲ့ ကျေးရွာ ဖြစ်နေပါတယ်။ ဟားခါးမြို့နယ်အတွင်း ဟားခါးမြို့ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ ကွာဝေးပြီး ဟားခါး-ဂန့်ဂေါလမ်းမပေါ်ရှိ ဇိုခွားရွာ အခြေခံပညာအလယ်တန်းကျောင်းနဲ့လည်း အလှမ်းကွာဝေးတဲ့အတွက် ချင်းပြည်နယ်နဲ့ မကွေးတိုင်းကြားမှာရှိတဲ့ ရွာတစ်ရွာလေး ဖြစ်နေပါတယ်။ ၂၀၀၃ ခုနှစ်မှာ အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးတော့ ၂၀၁၀ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းလွန်ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့နဲ့လည်းကောင်း၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နဲ့ လည်းကောင်း အလှမ်းကွာဝေးတဲ့ရွာ ဖြစ်တဲ့အတွက် အလယ်တန်းကျောင်းတက်ရန်ရှိသော ကျောင်းသူ/ကျောင်းသား

များအနေနဲ့ ငွေရေးကြေးရေး ခက်ခဲမှုအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အလှမ်းကွာဝေးမှုကြောင့်လည်းကောင်း၊ ပညာတတ်လူငယ်များ ဆက်လက်ပညာသင်ယူမှု မွေးထုတ်မှုတွင် အလွန်အားနည်းပြီးနောက်ကျနေကြောင်း၊ ကျေးရွာအုပ်စုအလိုက်ဖြစ်သော ကျေးရွာအနီးအနားမှာရှိတဲ့ (၇)ရွာတို့မှာလည်းဖွံ့ဖြိုးတိုးတက်မှု အဘက်ဘက်မှ နှေးကွေးနောက်ကျနေကြောင်းကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ကန့်သတ်မှု ကျောင်းသားဦးရေ ပြည့်မီရေးမှာ ကြည့်မယ်ဆိုရင်လည်း အနီးပတ်ဝန်းကျင်မှာ ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၅၆၀)ခန့်၊ အသက်(၁၈)နှစ်အောက်လူငယ်ကျား/မ (၁၁၀၀)ခန့်ရှိပြီးတော့ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါက ဆက်လက်ပညာသင်ယူရန် အဆင်ပြေလာမှာဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ (၁) ဟားခါးမြို့နယ်၊ ဘုံဖုံးကျေးရွာအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (၂) အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို လည်းကောင်း၊ (၃) အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိပါကလည်း မည်သည့်အကြောင်းကြောင့် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ကျေးရွာ(၇)ရွာရှိ ပြည်သူလူထုများ၏ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီး ဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်မှ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လင်းတကိုင်း အခြေခံပညာမူလတန်းလွန်ကျောင်းအား ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်မူဘောင်များနှင့် ကိုက်ညီပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် ၅-၆-၂၀၁၄ ရက်နေ့တွင် အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဦးစတီဗင်သာဘိတ် ရဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဖုံး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍ ရှင်လင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းလာတဲ့ ဘုံဖုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေ (၅၃)ဦးရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပဉ္စမတန်း (၂၃)ဦး၊ ဆဋ္ဌမတန်း (၁၁)ဦး၊ သတ္တမတန်း(၁၂)ဦး၊ အဋ္ဌမတန်း(၁၂)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေ (၅၈)ဦးသာ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အဦ၊ ပရိဘောဂ ပြည့်စုံမှု ရှိ/မရှိ တို့အပေါ် ထည့်သွင်းစဉ်းစား သတ်မှတ်ပါတယ်။

သို့သော်လည်း ကျောင်းအဆောက်အဦ မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်ထားတဲ့ မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးရေး တိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေ(၅၈)ဦးမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ကျောင်းသားဦးရေ တိုးတက်လာသည်နှင့်အမျှ တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်နှင့်တကွ တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးမည် ဖြစ်ပါကြောင်းနဲ့ လောလောဆယ် အစီအစဉ် အဆင့်တိုးမြှင့်ရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဆန်စပါးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ဆန်စပါးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ရခိုင်ပြည်နယ်၊ ဆန်စပါး ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုပါတယ် ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ ဆင်းရဲမှု၊ နွမ်းပါးမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပြီးတော့ နောက်ပိုင်းမှာ အခြေအနေပိုလို့ဆိုးလာပါတယ်။ အလုပ်လက်မဲ့နှုန်းကလည်း (၆.၇)နဲ့ အများဆုံးရှိနေတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုလုပ်ဖို့ အထူးလိုအပ်နေတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာမှာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ

ဖွံ့ဖြိုးတိုးတက်ရေး၊ အိုးအိမ်ဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ SME လုပ်ငန်းတွေ ဖွံ့ဖြိုးရေး စသည်ဖြင့် လုပ်ငန်းအမျိုးမျိုးရှိသည့်နေရာမှာ ဖွံ့ဖြိုးရေး အဓိကမိခင်ဟာ စီးပွားရေးဖွံ့ဖြိုးရေးပဲ ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှု မရှိဘူးဆိုရင် ကျန်းမာရေးကဏ္ဍလည်း မဖွံ့ဖြိုးနိုင်ပါဘူး။ ပညာရေးကဏ္ဍလည်း မဖွံ့ဖြိုးနိုင်ပါဘူး။ အိုးအိမ်ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ဖွံ့ဖြိုးစရာအကြောင်း မရှိပါဘူး။ နောက်ပြီးတော့ SME လုပ်ဖို့ အရင်းအနှီးတွေကလည်း ရနိုင်စရာအကြောင်း မရှိပါဘူး။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးရေးဟာ အရေးကြီးတဲ့လုပ်ငန်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားဟာ Primary Sector ဖြစ်တဲ့ ဆန်စပါးထုတ်လုပ်ရေးပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် စီးပွားရေးအသက်ဟာလည်း ဆန်စပါးထုတ်လုပ်ရေးလုပ်ငန်းထဲမှာပဲ ရှိပါတယ်။ သမိုင်းကို ပြန်ကြည့်လို့ရှိရင်လည်း ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတဲ့အခါ ကျွန်တော်တို့ ရခိုင်ပြည်နယ် ချမ်းသာပြီးတော့ ဆန်စပါးလုပ်ငန်း ကျဆင်းတဲ့အခါ ရခိုင်ပြည်နယ် ဆင်းရဲတာကို တွေ့ရှိရပါတယ်။ ရခိုင်ပြည်သူ (၇၅)ရာခိုင်နှုန်းဟာ ကျေးလက်မှာ နေပြီးတော့ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို လုပ်ကိုင်ကြပါတယ်။ ဒီလုပ်ငန်းကိုသာ ဖွံ့ဖြိုးအောင် မလုပ်နိုင်ဘူးဆိုရင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးကို မလုပ်နိုင်တဲ့ အတူတူပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ပြည်ထောင်စုအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၂ ကပင် ဖွဲ့စည်းပြီးတော့ ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း တောင်သူလယ်သမားနေ့ ပေးပို့တဲ့ သဝဏ်လွှာမှာ မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကို အဓိက အခြေခံ အားထားနေရသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားကိုယ်ခံအား ရေရှည်တောင့်တင်းခိုင်မာရေးအတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လုပ်ငန်းများကို ဗဟိုပြုရမည် ဟု သဝဏ်လွှာ ပါးထားတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ရဲ့ ဆန်စပါးလုပ်ငန်းဟာ ဒီနေ့ထိ တိုးတက်မှုကို သိသိသာသာ ထင်ထင်ရှားရှား မတွေ့ရသေးပါဘူး။ အမှန်ကတော့ ၁၉၅၃ ခုနှစ်ကတည်းက ရခိုင်ပြည်နယ် ဆန်စပါး ထုတ်လုပ်ရေးဟာ တဖြည်းဖြည်းကျဆင်းလာတယ်လို့ လေ့လာသူတွေ၊ ကျွမ်းကျင်သူတွေက ပြောထားတာတွေ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ တစ်ချိန်က ဆန်စပါး အများဆုံး တင်ပို့တဲ့ ထိပ်သီးနိုင်ငံ ဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့ရာမှာ ရခိုင်ဆန်စပါးဟာလည်း ကြီးမားတဲ့ အချိုးအစားတစ်ရပ်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့နိုင်ငံဟာ ထိုင်းနဲ့ ဗီယက်နမ် နောက်က လိုက်ပြီးတော့ ဆန်စပါး ထုတ်လုပ်ရေးကို နဂိုနေရာ ရဖို့အတွက် ကြိုးစားနေတဲ့ အခြေအနေ ရှိပါတယ်။ ဒီလို ကြိုးစားရာမှာ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းကလည်း တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ဖို့ လိုအပ်ပါတယ်။ တစ်တိုင်းတစ်ပြည်လုံး၊ ဒေသအားလုံးကလည်း ဒီထဲမှာပါဝင်နိုင်မှ အဲဒီလို အမီလိုက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ဆန်စပါး တင်ပို့ရောင်းချတဲ့ သမိုင်းတွေ ရှိပါတယ်။ ဟိုးရှေးနှစ်ပေါင်း (၁၀၀၀)ကျော်ကတည်းက ဝေသာလီခေတ်ကတည်းက ဆန်စပါး ရောင်းချပြီးတော့ ကောင်းမွန်တဲ့ အစဉ်အလာ ရှိပါတယ်။ အခုလည်းပဲ ရခိုင်ဒေသက ထွက်တဲ့ဆန်စပါးတွေဟာ ဆန်သား အလေးချိန် စီးပြီးတော့ ဓာတ်မြေဩဇာ ကင်းရှင်းတဲ့အတွက် Organic ဂုဏ်ဒြပ်တွေနဲ့ နိုင်ငံခြားသားတွေ ကြိုက်တဲ့ အားသာချက်တွေ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ဆန်စပါးဖွံ့ဖြိုးရေးဟာ အဓိကအချက်(၇)ချက်ပေါ်မှာ မူတည်နေပါတယ်။ (၁) အချက်ကတော့ ရင်းနှီးငွေ ဖြစ်ပါတယ်။ ဒီကနေ့ လယ်ယာလုပ်ငန်းမှာ

သွင်းအားစုစရိတ် ကြီးတဲ့အတွက် ရင်းနှီးငွေများများ လိုအပ်ပါတယ်။ (၂) အချက်ကတော့ တာတမံကိစ္စ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် လယ်ယာမြေရဲ့ သုံးပုံတစ်ပုံဟာ ဆားငန် ဒီရေတွေနဲ့ ထိတွေ့ဆက်ဆံနေရပါတယ်။ အဲဒါကြောင့် တာတမံတွေ ကောင်းကောင်းခိုင်မာဖို့ လိုပါတယ်။ တာတမံ အရေအတွက်လည်း များများလုပ်ဖို့ လိုပါတယ်။ တာတမံတွေ မခိုင်မာဘူး ရာသီဥတုကြောင့် ပျက်စီးတဲ့ နှစ်တွေမှာဆိုရင် ဆားငံရေတွေ ဝင်ပြီးတော့ ရခိုင်ဆန်စပါး ထုတ်လုပ်ရေးဟာ အများကြီး ကျဆင်းသွားပါတယ်။

နံပါတ် (၃) အချက်ကတော့ မျိုးကောင်းမျိုးသန့်နဲ့ နည်းပညာကဏ္ဍ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဓာတ်မြေသြဇာ ကောင်းကောင်း မသုံးနိုင်ပါဘူး။ နောက် မျိုးကောင်းမျိုးသန့်နဲ့ နည်းပညာကလည်း လုံလောက်အောင် မရရှိပါဘူး။ စိုက်ပျိုးရေးဌာနကတော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီက ကျွမ်းကျင်သူတွေနဲ့ ထောက်ပံ့မှုတွေဟာ ရခိုင်လယ်မြေတွေရဲ့ (၁၀)ရာခိုင်နှုန်းလောက်ကိုပဲ အကူအညီပေးလို့ ရပါတယ်။ ဒီထက် အများကြီး စိုက်ပျိုးရေးဝန်ထမ်းနဲ့ မျိုးစပါး မျိုးကောင်းမျိုးသန့်တွေကို Export Quality ရအောင် လုပ်ပေးဖို့ လိုအပ်ပါတယ်။ နံပါတ်(၄) အချက်ကတော့ ခေတ်မီသိုလှောင်ရုံတွေ လိုအပ်တာ ဖြစ်ပါတယ်။ နိုင်ငံခြား Export Quality အတွက်ဆိုရင် ခေတ်မီသိုလှောင်ရုံတွေ ထားရှိဖို့ လိုပါတယ်။ အရင်တုန်းကတော့ အဲဒီလို သိုလှောင်ဂိုဒေါင်တွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ မရှိတော့ပါဘူး။

နံပါတ်(၅)အချက်ကတော့ ဆန်စပါးကြိတ်ခွဲစက်တွေ လိုအပ်နေတာ ဖြစ်ပါတယ်။ ခေတ်မီဆန်စပါး ကြိတ်ခွဲစက်တွေ မရှိပါဘူး။ မရှိတဲ့အတွက် အကျိုးအကြေများတဲ့ အလေအလွင့်များတဲ့ ဆန်တွေကို ဘယ်သူကမှ မဝယ်ချင်ပါဘူး။ ဒီကနေ့ ကမ္ဘာမှာက နှစ်စဉ် နှစ်စဉ်တိုင်းဆိုရင် Quality မြင့်တဲ့ ဆန်စပါး ကြိတ်ခွဲစက်တွေဟာ ဒီဇိုင်းအသစ်တွေနဲ့ ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒီစက်မျိုးတွေကို ရခိုင်ပြည်နယ်အတွက် လိုအပ်ပါတယ်။

နံပါတ်(၆)ကတော့ ပေါင်းဆန်စက်တွေ ဖြစ်ပါတယ်။ အရည်အသွေး ညံ့ဖျင်းတဲ့ ဆန်စပါးတွေကို ပေါင်းဆန်အဖြစ် ပြုပြင်ထုတ်လုပ်ပြီးတော့ Export လုပ်လို့ရပါတယ်။ တစ်ချိန်ကဆိုရင် စစ်တွေမြို့ဟာ ပေါင်းဆန်စက်တွေ အများကြီး ရှိခဲ့ပါတယ်။ စစ်တွေမြို့ရဲ့ ပေါင်းဆန်စက်တွေဟာ အဲဒီအချိန်ကဆိုရင် ကမ္ဘာမှာ ထိပ်တန်းအဆင့် ရှိခဲ့ပါတယ်။ အခုချိန်မှာတော့ လယ်သမားတွေနဲ့ လယ်ယာလုပ်ငန်း ကုန်သည်တွေက အဲဒီလို ပေါင်းဆန်စက်ရုံ တစ်ရုံ တည်ထောင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ နိုင်ငံတော်က ကူညီပံ့ပိုးမှု လုပ်ပေးမှသာ လုပ်နိုင်မယ့်ကိစ္စတွေ ဖြစ်ပါတယ်။ နံပါတ်(၇)အချက်ကတော့ ဈေးကွက် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဆန်စပါးအတွက် ဈေးကွက်(၃)ခု ရှိပါတယ်။ ကုန်းလမ်းဖြင့်ဆိုလို့ရှိရင် ဗမာပြည်ဈေးကွက်နဲ့ တရုတ်ပြည်ဈေးကွက်တို့ ရှိပါတယ်။ ရေကြောင်းဖြင့်ဆိုရင်တော့ ဒီဆိပ်ကမ်းကနေပြီးတော့ ပြည်ပနိုင်ငံတကာကို တင်ပို့တဲ့ ဈေးကွက် ဖြစ်ပါတယ်။ အဲဒီဈေးကွက် (၃)ခုစလုံးကို ရခိုင်ဆန်တွေဟာ ဒီကနေ့မှာ အကြောင်းအမျိုးမျိုးတွေကြောင့် အဓိကကတော့ သယ်ယူပို့ဆောင်ရေးစရိတ်တွေက ထုတ်ဖော်လို့ မရသေးပါဘူး။ ဈေးကွက် မရှိလို့ရှိရင် ထုတ်လုပ်ရေးကိုလည်း မမြှင့်တင်နိုင်ပါဘူး။ ဒါကြောင့် ဈေးကွက်မဟာဗျူဟာတွေ ချမှတ်ပေးဖို့ လိုပါတယ်။ အဲဒါတွေအပြင် ရခိုင်မှာ လယ်ယာမြေ သိမ်းဆည်းမှု ပြဿနာတွေနဲ့ လုပ်သားအင်အား ရှားပါးမှု ပြဿနာတွေကိုလည်း ရင်ဆိုင်နေရတဲ့အတွက် ရခိုင်ဆန်စပါး ထုတ်လုပ်ရေးဟာ ထိခိုက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းကို ခြုံပြီးတော့ ပြောရရင် Supply Chain တစ်ခုလုံးကို ပြုပြင်ပြောင်းလဲပေးမယ့် မဟာဗျူဟာတွေ ချမှတ်ပေးဖို့ လိုပါတယ်။ ရခိုင်ပြည်နယ်ဟာ စက်မှုဇုန်ကို အခြေပြုတဲ့ စီးပွားရေးမျိုးဟာ လောလောဆယ်မှာ မရှိသေးပါဘူး။ ရခိုင်ပြည်နယ်ရဲ့ အဓိက စီးပွားရေးဟာ လယ်ယာစိုက်ပျိုးရေးကို အခြေပြုတဲ့အဆင့်မှာပဲ ရှိပါတယ်။ အဲဒါကြောင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို ထိထိရောက်ရောက်နဲ့ ဖောင်းပေးပြီးတော့ မလုပ်နိုင်ဘူးဆိုရင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဟာ မဖြစ်နိုင်ဘူးလို့ ပြောကြားရင်း နိဂုံးချုပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်း မေးတာလား။ အဆို တင်သွင်းတာလား။ ဆွေးနွေးတာလား။ မေးတဲ့ မေးခွန်းလေး ပြောလိုက်ပါဦး။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။တင်သွင်းပြီးတော့ ဆွေးနွေးတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်း မမေးဘူးပေါ့။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။မေးခွန်းမေးတာ စောစောက ပြောလိုက်ပါတယ်ခင်ဗျ။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ ဆန်စပါး ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရခိုင်ပြည်နယ်အတွင်း လယ်သမားများ စိုက်ပျိုးစရိတ် ရင်းနှီးငွေ ရရှိရေးကို လယ်ယာစိုက်ပျိုးရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါး (၁)ဧကလျှင် ကျပ်(၁)သိန်းနှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း (၄၅၆၇၉.၉)ကျပ်သန်း ထုတ်ချေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျပ်သန်းပေါင်း (၅၀၀၇၇.၄)သန်း ထုတ်ချေးပေးလျက်ရှိပါတယ်။ လိုအပ်ပါက သမဝါယမအသင်းများအနေနဲ့လည်းပဲ အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်မှာ နှစ်စဉ် မိုးစပါး (၁၁.၁၂)သိန်းဧက စိုက်ပျိုးလျက်ရှိရာ ဆားငန်ရေဝင်ရောက်သော စပါး စိုက်ဧကများအား ဆားငန်ရေ မဝင်ရောက်မီ အချိန်မီ ရိတ်သိမ်းနိုင်မယ့် သက်လျှင်စပါးမျိုးများ တင်သွင်းစိုက်ပျိုးလျက်ရှိပါတယ်။ ဆားငန်ဒဏ်ခံနိုင်တဲ့ ဆင်းသွယ်လတ်စပါးကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧက(၅၀)စမ်းသပ်စိုက်ပျိုးခဲ့ရာ တင်းပေါင်း(၃၇၀၀) ရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဒီနှစ်မှာ တစ်ဧက (၁)တင်းနှုန်းဖြင့် ဧက(၃၇၀၀) ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဆားငန်ရေဝင်တဲ့ စပါးစိုက်ဧကများ အားလုံးကို လွှမ်းခြုံစိုက်ပျိုးသွားနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဆားငန်ရေ ဝင်ရောက်မှု မရှိအောင် ဆည်မြောင်းဦးစီးဌာနမှ ပြည်ထောင်စု ရန်ပုံငွေဖြင့် လျှိုပိတ်ဆည်များ၊ ရေတံခါးများ၊ အသက်ကယ်ကုန်းများ၊ ကန်များနှင့် လယ်သမားတာ ခေါ်တဲ့ ကာရီ တည်ဆောက်ခြင်းလုပ်ငန်းနဲ့ ပြုပြင်ခြင်းလုပ်ငန်း (၁၄၇)ခုကို ကျပ်သန်းပေါင်း (၁၄၀၅၃.၆၉)သန်း အကုန်အကျခံပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဆန်စပါးကဏ္ဍတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO တို့ ပူးပေါင်းပြီး ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး စီမံကိန်းကို လည်းကောင်း၊ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ရေရှည် တည်တံ့နိုင်ရေး စီမံကိန်းကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံရဲ့ စပ်မျိုးစပါး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်းကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ရခိုင်ပြည်နယ်အတွင်း အရေးအခင်းများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ လူမှုအဖွဲ့အစည်းများသို့ အရေးပေါ် အထောက်အပံ့ ပေးရေး စီမံကိန်းကို လည်းကောင်း အသီးသီး FAO ကနေပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုအနေဖြင့် စစ်တွေဗဟိုခြံမှ ဆားငန်ခံ ဆင်းသွယ်လတ်နှင့် ရွှေဝါထွန်း မျိုးသန့်မျိုးစပါး တင်း(၂၀၀၀)အား နှစ်စဉ် ထုတ်လုပ်ပေးလျက်ရှိပြီး စီးပွားဖြစ် မျိုးသန့်မျိုးစေ့ တင်း(၁၂၀၀၀၀)အား ဆက်လက်ပွားများ ဖြန့်ဖြူးလျက်ရှိပါတယ်။ ပြည်နယ် အစိုးရအနေဖြင့်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မျိုးကောင်းမျိုးသန့် စပါးမျိုးများ ဖြစ်တဲ့ ရွှေဝါထွန်း၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ရေဆင်း(၃)၊ ကျော်ဇေယျ၊ သီးထပ်ရင်၊ ဧရာမင်းနှင့် ပေါ်ဆန်းမွှေး စပါးမျိုးများကို တင်းပေါင်း(၂၄၀၀၀)ကျော် ဖြန့်ဖြူးပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဒီနှစ်မှာ တင်းပေါင်း (၂၂၀၀၀)ကျော် ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ တစ်ဧက တင်း(၁၅၀)နဲ့အထက် ထွက်ရှိနိုင်တဲ့ ပုလဲသွယ် စပ်မျိုးစပါး ကီလို (၄၄၅၀)ကီလိုကို အောင်မြင်ဖြစ်ထွန်းနိုင်သော ဒေသများမှာ စမ်းသပ်စိုက်ပျိုးရန် ဖြန့်ဖြူးပေးထားပြီး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း မြေဩဇာဖြန့်ဖြူးမှုလုပ်ငန်းကို ပြည်နယ်အစိုးရရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အရေအသွေး စစ်မှန်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနဲ့အညီ လိုင်စင်ထုတ်ပေးခြင်း၊ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ ICRC, FAO တို့နဲ့ ပူးပေါင်းပြီး ၂၀၁၄-၂၀၁၅ ဒီနှစ်မှာ မြေဩဇာအိတ်ပေါင်း (၅၇၆၆)အိတ်ကိုလည်းကောင်း၊ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နဲ့ မြေဩဇာအိတ်ပေါင်း (၉၉၀၀)ကိုလည်းကောင်း ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများအား စစ်မှန်တဲ့ ဓာတ်မြေဩဇာများ

အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ပုဂ္ဂလိကအရောင်းဆိုင်များနဲ့ ပေါင်းစည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သင်တန်းပေါင်း အကြိမ်(၄၄)ကြိမ်၊ တောင်သူဆွေးနွေးပွဲပေါင်း (၂၀၄)ကြိမ်ကို လျာထားပြီး ပညာပေး ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် စပါးစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်များကို ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နဲ့ မင်းပြားမြို့နယ်တို့မှာ ဧက(၁၅၀၀)အထူးဇုန် သတ်မှတ်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများအား ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေးအတွက် ကျေးရွာအုပ်စုအဆင့်အထိ စံပြကွက်များစိုက်ပျိုးပြသခြင်း၊ တောင်သူ ပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းများပို့ချခြင်း၊ ကွင်းပြပွဲများပြုလုပ်ပြသခြင်း လုပ်ငန်းများကို ရုံးချုပ်က ပညာရှင်များကိုယ်တိုင် အဖွဲ့(၂)ဖွဲ့ခွဲပြီး တစ်နှစ်လျှင်(၂)ကြိမ် ကွင်းဆင်းပညာပေး၍ လည်းကောင်း၊ ပြည်နယ်အစိုးရ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ အစီအစဥ်နဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအဆင့်အထိ ရခိုင်ပြည်နယ် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့ စပါးစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တိုးတက်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုသွားမှာဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဒီနှစ်မှာ လက်တွန်းထွန်စက်(၆၂၇)စီး၊ ကောက်စိုက်စက်(၃၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၂၅၃)စီး၊ ရိတ်သိမ်းခြွေလှေ့စက်ကြီး(၂၇)စီးတို့ကို ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ရခိုင်ပြည်နယ် စိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်တွင်းရောင်းဝယ်ဖောက်ကားသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ပြည်ပတင်ပို့သူများနဲ့ ဈေးကွက်ယန္တရား (Market Mechanism) တစ်ခုလုံးကို ပါဝင်နေကြသူများ စုစည်းပြီး ဆန်စပါးနဲ့ ပဲမျိုးစုံ အထူးပြုကုမ္ပဏီများကို ၁၉၉၉ ခုနှစ်က စတင်ပြီး ဖွဲ့စည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ယခင်က ဟာလာဆန်စက် (၁၄၆၄)လုံးသာ ရှိခဲ့ပါတယ်။ ကြိတ်ခွဲထွက်ရှိလာတဲ့ ဆန်နဲ့ ဆန်ထွက်ပစ္စည်းများမှာ အရည်အသွေးမမီတာကြောင့် အရည်အသွေးမီ ဆန်နဲ့ ဆန်ထွက်ပစ္စည်းများ ရရှိစေဖို့ ခေတ်မီဆန်စက်ကြီးများအား ကျောက်တော်မြို့နယ်၊ ပိန္နဲချောင်းကျေးရွာ၌ ရွှေ့ဆောင်ကုမ္ပဏီလီမိတက်မှ တစ်နေ့ တန်(၈၀)ကျ ဆန်စက်ကြီးကို ၁-၄-၂၀၁၄ နေ့တွင် စတင်ဖွင့်လှစ် လည်ပတ်လျက်ရှိပြီး စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်တွင် ရခိုင်ဆန်စပါး ကုမ္ပဏီလီမိတက်မှ တစ်နေ့တန်(၁၀၀)ကျ ဆန်စက်တစ်လုံးကိုလည်းကောင်း၊ မင်းပြားမြို့နယ်မှာ ဦးအောင်ဇော်ဝင်း မှ တစ်နေ့ တန်(၅၀)ကျ ခေတ်မီဆန်စက်တစ်လုံးကိုလည်းကောင်း တည်ဆောက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း တန်းမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန်အတွက် ရခိုင်ဆန်စပါးအထူးပြုကုမ္ပဏီ၊ ရတနာ(တောင်ကုတ်)ဆန်စပါးအထူးပြုကုမ္ပဏီ၊ ထွဋ်ဇေအောင်(မြောက်ဦး) ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းထားပြီး ဆန်စပါးဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထို့အပြင် ရခိုင်ရွှေ့ဆောင်ကုမ္ပဏီမှ မျိုးစပါးအဖြစ် ဖျာပုံပေါ်ဆန်းမွှေး တင်း(၂၀၀)ကို ဝယ်ယူရရှိပြီး (MAPCO)ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး မျိုးပွားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ လယ်ယာထွက်ကုန်စည်များ ဈေးကွက်ပေါက်ဈေးရရှိရေး၊ စံချိန်စံညွှန်းနှင့် အလေးတင်းတောင်း အချိန်အတွယ်

တစ်ပြေးညီဖြစ်စေရေး၊ ဈေးကွက်နှင့် ဈေးနှုန်းသတင်းပျံ့နှံ့ရေး၊ ကုန်စည်ဒိုင်များမှာ ရောင်းဝယ်စေခြင်းဖြင့် (Supply Chain) တစ်ခုလုံး အဆင့်မြင့်တင်မှုကြောင့် အပိုကုန်ကျစရိတ် (Transaction Costs) များ လျော့ချနိုင်ရေး၊ ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးနှုန်းကို တောင်သူများ သိရှိခြင်းအားဖြင့် မည်သည့် သီးနှံအမျိုးအစားအား စိုက်ပျိုးရမည်ကို သိရှိစေရေး၊ ကုန်စည်ဒိုင်များမှာ စံချိန်စံညွှန်းအရ ဈေးနှုန်း သတ်မှတ်ရခြင်းဖြစ်၍ တောင်သူလယ်သမားများမှ အရည်အသွေးမီ သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်စေရေးတို့အတွက် ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဈေးကွက်ရှာဖွေနိုင်ဖို့အတွက် ကျောက်တော်သီးနှံကုန်စည်ဒိုင်၊ မြောက်ဦးသီးနှံကုန်စည်ဒိုင်များကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ Value Chain မှန်ကန်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးတို့အတွက် စစ်တွေသီးနှံကုန်စည်ဒိုင်ကို ၁-၁၀-၂၀၁၄ ရက်နေ့မှာလည်းကောင်း၊ မင်းပြားသီးနှံကုန်စည်ဒိုင်ကို ၃၁-၁၁-၂၀၁၄ မှာလည်းကောင်း၊ သံတွဲကုန်စည်ဒိုင်ကို ၁၅-၁၁-၂၀၁၄ မှာလည်းကောင်း၊ တောင်ကုတ်သီးနှံကုန်စည်ဒိုင်ကို ၁၅-၁၂-၂၀၁၄ မှာလည်းကောင်း တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြပါတယ်။

ရခိုင်ပြည်နယ်ရဲ့ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စနစ်တကျ သိုလှောင်နည်းစနစ်ကို ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းအပြင် နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အထူးအကူအညီနဲ့ တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် စပါးမျိုးစေ့ သိုလှောင်နိုင်ရန်အတွက် လေလုံပိတ် သိုလှောင်အိမ်များကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်တဲ့ ဆန်တန်ချိန်(၂၁၀၀)တန် ဖြစ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်နဲ့ ညှိနှိုင်းပြီး စစ်တကောင်းသို့တိုက်ရိုက် ဆန်တန်ချိန်(၂၀၀၀) သင်္ဘောတင်ရန်နှင့် LC ဖြင့် ငွေချေရန် ညှိနှိုင်းထား ပြီးဖြစ်ပါတယ်။

ထို့အပြင် ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဥ်အရ အလားအလာရှိတဲ့ ကုန်သည်မိတ်ဖက်များကို ဖိတ်ခေါ်ပြီးတော့ MOU Sale Contract များ ချုပ်ဆိုနိုင်အောင် အောက်ပါအတိုင်း ဆောင်ရွက်ရန် စီစဥ်ထားရှိပါတယ်။ (က) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့မှ ကုန်သည်များနှင့် ပြည်တွင်းကုန်သည်ကြီးများပါဝင်သော ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံအစည်းအဝေးပြုလုပ်ရန်၊ (ခ) အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်မှ ကုန်သည်ကြီးများနှင့် ပြည်တွင်းကုန်သည်ကြီးများ ပါဝင်သော ကုန်သွယ်ရေးမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်၊ (ဂ) အိန္ဒိယနိုင်ငံ၊ ရာဂျစ်စတန်ပြည်နယ်မှ အစိုးရအဖွဲ့ဝင် CCI များပါဝင်သော အဖွဲ့နဲ့ ပြည်တွင်းကုန်သည်ကြီးများ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များပါဝင်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံအစည်းအဝေးပြုလုပ်ရန်၊ (ဃ) အိန္ဒိယနိုင်ငံ CCI၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ CCI၊ ရခိုင် CCI တို့ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့ ဆန်စပါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆန်စပါးလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနဲ့ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၇)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၃)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ် လေးဦး မေးမြန်းတဲ့ မေးခွန်းတွေကို ဖြေကြားမယ့် ဒုတိယဝန်ကြီးလည်း ရှိတဲ့အတွက် တစ်ဆက်တည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ ကူးတို့တောကျေးရွာ၊ ကူးတို့တောချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန်က ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ ကူးတို့တောကျေးရွာ၊ ကူးတို့တောချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ ကူးတို့တောကျေးရွာ၊ ကူးတို့တောချောင်းကူးတံတား

ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဖြူမြို့နယ် သဲချောင်း ကျေးရွာအုပ်စု၊ သဲချောင်း၊ သဘွတ်ချောင်း၊ သင်္ကန်းတော၊ ကူးတို့တော၊ ကင်းတောင်၊ တလိုဏ်းမျှော်၊ ကျေးကုန်း၊ ပေတခပ်၊ မော်ငန်းနှင့် ပသျှူးရေ ကျေးရွာ (၁၀)ရွာရှိပါတယ်ခင်ဗျား။ အိမ်ခြေအားဖြင့် (၁၂၁၈)၊ အိမ်ထောင်စု(၁၂၉၀)နှင့် လူဦးရေ(၆၃၂၇)ဦး နေထိုင်လျက်ရှိပါတယ်။ ကျေးရွာ ပြည်သူများသည် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြပါတယ်။ ရေဖြူမြို့နယ်ရဲ့ အကျယ်အဝန်းမှာ (၉၄၄.၇၉) စတုရန်းမိုင်၊ ဧကအားဖြင့် (၆၀၄၆၆၄)ဧက ရှိပြီး အရှေ့ဘက်နှင့် မြောက်ဘက်ခြမ်းတွင် တောင်ကုန်းတောင်တန်းများ၊ ချောင်းငယ်များ ပေါများ၍ သွားလာမှု ခက်ခဲတဲ့အတွက် ဖွံ့ဖြိုးမှုနည်းတဲ့မြို့နယ် ဖြစ်ပါတယ်။

သဲချောင်းကျေးရွာအုပ်စုမှ သဲချောင်း၊ သလွတ်ချောင်း၊ သင်္ကန်းတော၊ တလိုက်မျှော်၊ ကျေးကုန်း ကျေးရွာများအပြင် ကျေးရွာချင်းဆက်စပ်နေတဲ့ ဖောင်းတောကျေးရွာအုပ်စုမှ ဖောင်းတော ကျေးရွာ၊ ကောင်းမှုကျေးရွာများမှ တောင်သူလယ်သမားများသည် ကူးတို့တောကျေးရွာနှင့် ကင်းတောင် ကျေးရွာများရှိ မိမိတို့ လယ်၊ ဥယျာဉ်များဆီသို့ ထွန်ယက်စိုက်ပျိုးရန် လယ်ယာသုံး ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများကို ကူးတို့တောချောင်းမှ ကူးတို့စက်လှေငယ်များဖြင့် ခက်ခဲစွာ သယ်ယူပို့ဆောင်နေကြရပါတယ်။ ကင်းတောင်ကျေးရွာတွင် လယ်(၄၅၀)ဧကနှင့် ကူးတို့တော ကျေးရွာတွင် လယ် (၉၂၇)ဧကနှင့် ဥယျာဉ်ခြံမြေ(၈၀၀)ဧက စုစုပေါင်း (၂၁၇၇)ဧက ရှိပါတယ် ခင်ဗျား။ ကင်းတိုင်ကျေးရွာ နှင့် ကူးတို့တောကျေးရွာမှ မူလတန်းအောင်ပြီးတဲ့ ကျောင်းသား/ ကျောင်းသူများသည် ကူးတို့တောချောင်းကို ဖြတ်ကူး၍ (၂)မိုင်ကျော်ဝေးကွာတဲ့ သဘွတ်ချောင်း အစိုးရအလယ်တန်းကျောင်း(ခွဲ)သို့ အလယ်တန်းပညာ သွားရောက်ပညာသင်ယူနေကြရပါတယ်။ ငယ်ရွယ်သူများ ဖြစ်ကြ၍ နေ့စဉ် ကူးတို့တောချောင်းကို စက်လှေငယ်ဖြင့် ဖြတ်ကူးရာတွင် ရေအတက်အကျရှိပြီး အချိန်မီသွားလာရသဖြင့် ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရန် မိဘများမှ လိုက်ပါပို့ဆောင်ပေးကြရပါတယ်။

မိဘများမှာ စားဝတ်နေရေး ဦးစားပေး လုပ်ဆောင်နေရတဲ့ ဆင်းရဲသားများ ဖြစ်ကြပါတယ် ခင်ဗျား။ တချို့သောမိဘများမှာ သားငယ်၊ သမီးငယ် ကျောင်းသားငယ်များကို ပို့ဆောင်မပေးနိုင်၍ အလယ်တန်းပညာ မသင်ကြားရတဲ့ ကလေးငယ်များလည်း ရှိကြပါတယ်။ ပြူကြီး၊ ဗျိုက်၊ ခြပုံး၊ မဲတော၊ မဲသံတောင်၊ ကျွဲသုံးညီအစ်မနှင့် ဂန်းတောကျေးရွာများတွင် မွန်တိုင်းရင်းသားများနေထိုင်ကြပါတယ်။ အဆိုပါ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူ ကျေးရွာသူ၊ ကျေးရွာသားများသည် ဟိန်းဇဲချောင်းရေလမ်းခရီးမှာ (၈)မိုင်ကျော်ဝေးသော ကံပေါက်ရွာသို့ ပိုက်ချင်းဆက်လှေငယ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအတွက် သွားလာနေကြရပါတယ်။ မိုးရာသီအချိန်တွင် မိုးသီးထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခြင်း၊ လှိုင်းကြီးကြီးများ ကြုံတွေ့ရကာ အခက်အခဲ ပင်ပန်းကြီးစွာဖြင့် သွားလာနေကြရပါတယ်။ သွားလာရန် အခြားသောလမ်း မရှိပါသဖြင့် ရေလမ်းခရီးကိုသာ အားကိုးပြီး သွားလာနေကြရခြင်း ဖြစ်ပါတယ်။ ကူးတို့တောချောင်းကူးတံတားကို ဆောက်လုပ်နိုင်ပါက မွန် တိုင်းရင်းသားများသည် ကင်းတောင်ကျေးရွာသို့ လာရောက်ပြီး ကင်းတောင်၊

ကူးတို့တောရွာမှတစ်ဆင့် ကန်ပေါက်၊ အုန်းပင်ကွင်း၊ ပယ၊ ဇာဒီ၊ နဘုလယ် ကျေးရွာများသို့လည်းကောင်း ရေဖြူမြို့၊ ထားဝယ်မြို့နှင့် လောင်းလုံမြို့များသို့လည်းကောင်း၊ ကုန်းလမ်းခရီးဖြင့် အချိန်မရွေး အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်မည် ဖြစ်ပါတယ်။

ယခု ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် နဘုလယ်ဒေသ၊ ကံပေါက်-ဇာဒီ ကျေးရွာသွား မြေသားလမ်း (၁၃) မိုင် (၅)ဖာလုံ၊ ထွက်ဝ-ခေါင်ပြန်-ဇာဒီ ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၉)မိုင် (၄)ဖာလုံနှင့် အဆိုပါလမ်းပေါ်ရှိ တံတား(၅)စင်းကိုလည်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက် ပေးမည်ဖြစ်ပါသဖြင့် ရေဖြူမြို့နယ်အတွင်း အနောက်ဘက်ခြမ်းရှိ ကျေးရွာများသည် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာမည် ဖြစ်ပါတယ်။ ဒေသခံပြည်သူများမှ နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်မဆုံး ရှိနေကြပါတယ်။ သဲချောင်းကျေးရွာအုပ်စုအတွင်း ကျေးရွာချင်းဆက်လမ်းများမှာ ယာဉ်ကြီးများ သွားလာနိုင်သည်အထိ ပြုပြင်ထားပြီး ဖြစ်ပါတယ်။ သဲချောင်းကျေးရွာအုပ်စု၊ ကင်းတောင်ကျေးရွာတွင် မောရဝတီရေတပ်ဌာနချုပ်မှ လုံခြုံရေးတပ်များလည်း ရှိပါတယ်။ ကူးတို့တော ချောင်းကူးတံတားမှာ ပေအရှည်(၃၂၀)ရှိပြီး ကမ်းကပ်ခုံ တစ်ဘက်တစ်ချက်ပေအရှည် (၂၀)စီ ရှိကြပါတယ်။ ကျေးရွာသူကျေးရွာသားများမှာ ဆင်းရဲသားတောင်သူလယ်သမားများ၊ တံငါသည်များ ဖြစ်ကြ၍ ဆောင်ရွက်နိုင်ခြင်း မရှိကြပါ။ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးမှသာ ယခုခံစားနေကြရတဲ့ ဆက်သွယ်သွားလာရေးဒုက္ခမှ ကင်းလွတ်မှာဖြစ်ပြီး လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး များလည်း အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများမှ ကူးတို့တောချောင်းကူးတံတား ဆောက်လုပ်ပေးမည့်နေ့ကို အားကိုးတကြီး မျှော်လင့်စောင့်စားနေကြသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို တင်ပြမေးမြန်းအပ်ပါသည်။

(၁) ကူးတို့တောချောင်းကူးတံတားကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။(၂) ဆောက်လုပ် ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်၊ (၃) မဆောက်လုပ်ပေးပါက မည်သည့် အတွက်ဖြစ်သည်ကို သိရှိလိုပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်အတွင်းရှိ ကွဲဒတ်-ကုန်းလှ-ရွာသစ်ကုန်း-တောင်ချွန်း ကျေးလက်မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင် က သာစည်မြို့နယ်အတွင်းရှိ ကွဲဒတ်-ကုန်းလှ-ရွာသစ်ကုန်း-တောင်ချွန်း ကျေးလက်မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ လွှတ်တော်

ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂုဏ်ပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက် အရ သာစည်မြို့နယ်အတွင်းရှိ ကျွဲဒတ်- ကုန်းလှ - ရွာသစ်ကုန်း-တောင်ချွန်း ကျေးလက်မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲဒတ်ကျေးရွာအုပ်စု အတွင်းရှိ ကျွဲဒတ်၊ ကုန်းလှ၊ ရွာသစ်ကုန်းနှင့် တောင်ချွန်းကျေးရွာများဟာ သာစည်မြို့နယ်ရဲ့ အရှေ့မြောက်ဘက် ရှမ်းရိုးမတောင်တန်းပေါ်မှာ တည်ရှိပြီးတော့ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ် စတဲ့ ရှမ်းပြည်နယ်ရှိ ကျေးရွာများနှင့် နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တောင်ပေါ်ဒေသများ ဖြစ်ပါတယ်။ ကျွဲဒတ်၊ ကုန်းလှ၊ ရွာသစ်ကုန်း၊ တောင်ချွန်းကျေးရွာချင်းဆက်လမ်းဟာ (၅) မိုင်၊ (၃)ဖာလုံခန့်ရှိပြီး ဒေသခံများရဲ့ ဒေသထွက်ကုန်သီးနှံများ၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကိစ္စရပ်များကို အလွန်အသုံးဝင်တဲ့ လမ်းတစ်ခု ဖြစ်ပါတယ်။ သို့သော် ဒီလမ်းဟာ တောင်တက်၊ တောင်ဆင်းများ များပြီး အောက်ခံမြေသားများဖြစ်တဲ့ အတွက် မိုးတွင်းကာလမှာ လုံးဝသွားမရအောင် ခက်ခဲလှပါတယ်။

အဆိုပါကျေးလက်လမ်းကို ရာသီမရွေး သွားလာလို့မရအောင် ကျောက်ချောလမ်းခင်းပြီး လိုအပ်တဲ့နေရာမှာ ရေကျော်များ၊ တံတားများ တပ်ဆင်ပေးနိုင်မည်ဆိုပါက တောင်ချွန်းမှ ကလော မြို့နယ် သာယာကုန်းရွာသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် အောင်ပန်းမြို့ကိုလည်းကောင်း၊ အရှေ့ဘက်ရှိ ပင်းတယမြို့နယ် မော်ဖူးကုန်းကျေးရွာမှတစ်ဆင့် ရွာငံ-အောင်ပန်းလမ်းမကြီးကိုလည်းကောင်း ချိတ်ဆက်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ဒေသထွက်သီးနှံများကိုလည်း အချိန်မီမြို့တက် ရောင်းချနိုင်မှာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များပါ အချိန်မရွေးကူးသန်းသွားလာနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းရှိ ကျွဲဒတ်-ကုန်းလှ-ရွာသစ်ကုန်း-တောင်ချွန်း ကျေးရွာချင်းဆက် မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြီး လိုအပ်သောနေရာများတွင် တံတားများ၊ ရေကျော်များ တပ်ဆင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံတောင်ပေါ်နေ ပြည်သူ ပြည်သားများရဲ့ ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ညောင်ပင်သာကျေးရွာမှ ပေါင်းတလည်မြို့နယ်၊ ဝန်တင်ဆိပ်ကျေးရွာ သို့ ဆက်သွယ်သော တောင်နဝင်းချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး က ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ညောင်ပင်သာကျေးရွာမှ ပေါင်းတလည်မြို့နယ်၊ ဝန်တင်ဆိပ်ကျေးရွာသို့ ဆက်သွယ်သော တောင်နဝင်းချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းလေးကတော့ ပြည်မြို့နယ်၊ သစ်ချိုပင်အုပ်စုမှာရှိတဲ့ ညောင်ပင်သာကျေးရွာနဲ့ အုပ်စွဲအုပ်စုမှာရှိတဲ့ ဝန်တင်ဆိပ်ကျေးရွာတို့ကို တောင်နဝင်းချောင်းပေါ်မှာ ဖြတ်ထားတဲ့တံတားလေးကို ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Slide Show များဖြင့် တင်ပြခွင့်ပြုပါ။ ဒါလေးကတော့ ကျွန်တော်ပြောတဲ့ တောင်နဝင်းချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ပေ(၁၅၀) ရှိပြီးတော့ အနံ(၅)ပေရှိတဲ့ မော်တော်ဆိုင်ကယ်၊ စက်ဘီးများ သွားလာနိုင်တဲ့လမ်းလေး ရှိပါတယ်။ တံတားလေး ဖြစ်ပါတယ်။ အဲဒီတော့ ဒီတံတားလေးဟာ (၉)နှစ်ကြာပြီဖြစ်ပြီးတော့ ပြည်သူလူထုကနေပြီးတော့ ကိုယ်ထူကိုယ်ထနဲ့ တည်ဆောက်ထားတဲ့လမ်း ဖြစ်ပါတယ်။ တကယ့်တကယ်တော့ ဝက်ထီးကန်တိုက်နယ်နဲ့ တစ်ချိန်က ပေါင်းတလည်တိုက်နယ်၊ အခုတော့ ပေါင်းတလည်မြို့ပေါ့။ ဆက်သွယ်ထားတဲ့ တောင်နဝင်းချောင်းလေးဟာ တိုက်နယ်နှစ်ခုကို နယ်ခြားထားတဲ့ ချောင်းလေးဖြစ်ပါတယ်။ ဒီချောင်းလေးကို ဆက်သွယ်တဲ့ တိုက်နယ်ချင်းဆက်လမ်းကတော့ ဒီအုပ်စုရဲ့အထက်ဘက်မှာ ရှိပေမယ့်လည်းပဲ အောက်ဘက်ကျတဲ့ ဒီအုပ်စု(၃)စုမှာဖြစ်နေတဲ့ ခုနကပြောတဲ့ သစ်ချိုပင်အုပ်စု၊ အင်းဝင်းအုပ်စု၊ နောက်တစ်ခုက တဲကြီးကုန်းအုပ်စုမှာရှိတဲ့ ရွာပေါင်း(၁၁)ရွာမှာရှိတဲ့ လူပေါင်း(၃၉၀၀)ကျော်နဲ့ ပေါင်းတလည်ဘက်ခြမ်းမှာရှိတဲ့ အုပ်စွဲအုပ်စု၊ ဝန်တင်ဆိပ်ကျေးရွာလေးကို ညောင်ပင်သာရွာကနေ ဖြတ်ပြီးတော့ ဆက်သွယ်ထားတဲ့ ဒီတံတားလေးဟာ သူတို့လည်းပဲ ရေရှည်ဖြစ်လာတဲ့အခါကျတော့ ဆက်လက်ပြီးတော့ ပြုပြင်နိုင်စွမ်း အားနည်းလာတယ်။

ဒီထက်ပိုပြီးတော့လည်းပဲ သွားရေးလာရေး ကျတဲ့အခါကျတော့ ပေါင်းတလည်မြို့ပေါ်ကို သွားရေး လာရေးကျတော့ ဒီလမ်းလေးဟာ ပိုပြီးတော့ အဆင်ပြေတာဖြစ်သည့်အတွက်ကြောင့် ယာဉ်ငယ်များဖြစ်တဲ့ ထရော်လာဂျီ၊ သုံးဘီးယာဉ်စတဲ့ ယာဉ်ငယ်များအထိ ဖြတ်သန်းသွားလာနိုင်တဲ့ တံတားလေးအဖြစ်နဲ့ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ ပတ်သက်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ရေအိုးစင်ကုန်းရွာမှ လက်ပံခုန်အုပ်စုအထိ ဆက်သွယ်ထားသည့် တာဘောင်လမ်းအား မြေနီကျောက်စရစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ရေအိုးစင်ကုန်းရွာမှ လက်ပံခုန်အုပ်စုအထိ ဆက်သွယ်ထားသည့် တာဘောင်လမ်းအား မြေနီကျောက်စရစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးညိုမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ရေအိုးစင် ကုန်းရွာ ကနေပြီးတော့ လက်ပံခုန်အုပ်စုအထိ ဆက်သွယ်ထားတဲ့ တာဘောင်လမ်းကို မြေနီကျောက်စရစ် ခင်းပေးရန် နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို တင်ပြသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုလည်း Slide Show လေး (၂)ချက်နဲ့ တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ အခု တင်ပြထားတဲ့ အနီရောင်ပြထားတဲ့ အပိုင်းလေးပဲ ဖြစ်ပါတယ်။ အဲဒီအပိုင်းမတိုင်ခင်မှာ ကျွန်တော်တို့ မိုးညိုမြို့နယ်ဟာ တောင်နဲ့မြောက် ရှည်လျားပြီးတော့ ပြီးခဲ့တဲ့ တပ်မတော်အစိုးရ လက်ထက်မှာ ကျွန်တော်တို့ နတ်တလင်းမြို့နယ် တာဘောင်ကနေပြီးတော့ ဒီဘက် ပတ်တော်၊ ရေခင်း၊ မိုးညို၊ ထိန်တော အထိကို တပ်မတော် အကြီးအကဲတွေ အဆင့်ဆင့်တာဝန်ယူခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရေကြီးမြင့်မှုဒဏ်ကို ကာကွယ်နိုင်အောင်ဆိုပြီး တာဘောင်တွေဖို့ပြီးတော့ လမ်းပန်းဆက်သွယ်ရေး အခြေ အနေလည်း ကောင်းလာပါတယ်။

ယခု ပြည်ထောင်စုအစိုးရလက်ထက်မှာလည်းပဲ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန က ဆက်ပြီးတော့ အခြေအနေတွေကို ပံ့ပိုးပေးတာဖြစ်သည့်အတွက် အခုပဲ သဘာဝအတားအဆီးဖြစ်တဲ့ ထိန်တောနဲ့ မိုးညိုကိုဆက်သွယ်ထားတဲ့ တံတားဟာလည်းပဲ ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တောင်ဘက်ပိုင်းအခြေအနေတွေကတော့ အဆင်ပြေပြီးတော့ ခု ကျွန်တော်တင်ပြတဲ့ အနီရောင်ပြထားတဲ့ မိုးညိုမြို့ရဲ့ မြောက်ဘက်အစွန်ဆုံး ရွှေတောင်မြို့နယ် အစဒေသမှာရှိကြတဲ့ ဒီ ဆင်ခေါင်းအုပ်စုကနေပြီးတော့ ကျွန်တော်တို့ လက်ပံခုန်အုပ်စုအထိ ဆက်သွယ်ထားတဲ့ဒေသ တာဘောင်လမ်းလေးကို မြေနီကျောက်စရစ်ခင်းရန်အတွက်ပဲ ဖြစ်ပါတယ်။

အဲဒီ ကျွန်တော် တင်ပြတဲ့အပိုင်းဟာ ရေအိုးစင်ရွာကနေ လက်ပံခုန်အုပ်စုထိ ဆက်သွယ် ထားတဲ့ တာဘောင်ဟာ ဆင်ခေါင်းအုပ်စုအတွင်းမှာ ပေ(၁၅၁၈၀)ပေ၊ ဖန်ခါးပင်အုပ်စုမှာ (၁၄၅၀၀)ပေနဲ့ လက်ပံခုန်အုပ်စုမှာ အရှည် (၁၀၀၀၅) ပေ စုစုပေါင်း ပေပေါင်း (၄၀၁၈၀)ပေ ရှိပြီးတော့ (၇)ပေကျယ်တဲ့ မြေသားလမ်း ဖြစ်ပါတယ်။ ဒီပုံလေးပါပဲခင်ဗျား။ ဒါက ကျွန်တော်တို့ နွေရာသီအခါမှာတော့ မော်တော်ဆိုင်ကယ်တွေ နဲ့ ကျွန်တော်တို့သွားပြီးတော့ မိုးရာသီအချိန်မှာ အတော်လေး ခက်ခက်ခဲခဲ သွားနေရတဲ့ အခြေအနေရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တင်ပြချင်တာက အဲဒီဒေသမှာရှိကြတဲ့ ကျောင်းသား/ကျောင်းသူတွေ၊ ထွက်ကုန်သီးနှံတွေဟာ ကျွန်တော်တို့ ပညာရေး၊ ကျန်းမာရေးကအစပေါ့ အားလုံးဟာ ဒီဧရာဝတီမြစ်ကြီး ကို ကူးပြီးတော့ ကနောင်-မြန်အောင် ကို ကူးပြီးတော့ ဒီလိုပဲ ကျန်းမာရေးကိစ္စလည်း ဒီလိုပဲ သွားနေရ ပါတယ်။ ပညာရေးကိစ္စလည်း စာစစ်ဌာနတွေက ကနောင်-မြန်အောင်အဆင့်ထိ သွားနေရပါတယ်။ ယခုချိန်မှာတော့ ကျွန်တော်တို့ ကျောင်းတွေအဆင့်တိုးတဲ့ကိစ္စတွေလည်း ဆောင်ရွက်နေရပြီ ဖြစ်သည့် အတွက် အဆိုပါဒေသကနေပြီးတော့ အခုတင်ပြပါ အခြေအနေလေး ကနေပြီးတော့

မြေနီကျောက်စရစ်လေး ဆက်ပြီးတော့ တိုးမြှင့်နိုင်မယ်ဆိုရင် ဒီဘက်က ကျွန်တော်တို့ တင်ပြခဲ့တဲ့ တာဘောင်လမ်းကြီးလိုပဲ ကျွန်တော်တို့ ပြည်သူတွေ ပိုမိုပြီးတော့ အဆင်ပြေနိုင်ဖို့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီ အဆိုပါ တာဘောင်လမ်းကို မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုလို့ရှိရင် အဲဒီဒေသက ပြည်သူတွေရဲ့ အခက်အခဲတွေ၊ လူမှုစီးပွားဘဝတွေ တိုးတက်လာမှာ ဖြစ်သည့်အတွက် အဆင့်မြှင့်တင်ပေးနိုင်တဲ့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၁။**

**ဦးတင်ဌွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ၏ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သတ်၍ တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ ကူးတို့တောကျေးရွာ၊ ကူးတို့တောချောင်းသည် ကင်းတောင် နှင့် ကူးတို့တော ကျေးရွာကြား (၂)ရွာ ရှိပါတယ်။ အိမ်ခြေအားဖြင့် (၂၈၄)အိမ်၊ လူဦးရေအားဖြင့် (၁၄၆၂) ဦး ကို လှေငယ်များဖြင့် ဖြတ်သန်းသွားလာပြီးတော့ အကျယ်ကတော့ (၃၇၀)ပေ ဖြစ်ပါတယ်။

အဆိုပါ ချောင်းတံတား တည်ဆောက်လို့ရှိရင် ကျွန်တော်တို့ ဘိုးပိုင်ဖောင်ဒေးရှင်းဖြင့် သံကူကွန်ကရစ်တံတား (၃၇၀ x ၁၄)ပေအကျယ်ကို တည်ဆောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ ခန့်မှန်းအားဖြင့် ကျပ်ငွေ သန်း(၇၄၀.၀၀)ကျပ်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးကို ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားနဲ့ ပတ်သတ်ပြီး ကျွန်တော်တို့ လျာထားတဲ့ ရန်ပုံငွေကတော့ စုစုပေါင်း (၂၁.၄၀၂) ဘီလီယံ ဖြစ်ပါတယ်။ ကတ္တရာလမ်း (၇၂) မိုင်(၂) ဖာလုံ၊ ကျောက်ချောလမ်း (၁၅၄) မိုင်၊ မြေသားလမ်း (၁၁၇) မိုင်၊ ကွန်ကရစ်တံတားအရှည် (၆၈၅၄) ပေ၊ သစ်သားတံတား (၆၄၀)ပေ၊ ကွန်ကရစ်ရေကျော် (၈၂)ပေနှင့် ရေပြွန်(၅၉၅)ပေ ဆောင်ရွက် ခွင့်ပြုထားတာဖြစ်ပါတယ်။

ရေဖြူမြို့နယ် အချုပ်အနေနဲ့ ကြည့်ရင်တော့ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၁.၉၉၃)ဘီလီယံ ကျွန်တော်တို့ လမ်းတံတားလုပ်ငန်းများကို ခွင့်ပြုထားတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ရေဖြူမြို့နယ်အတွင်းမှာရှိတဲ့ သဲချောင်းကျေးရွာ အုပ်စု၊ ကူးတို့တောကျေးရွာ၊ ကူးတို့တောချောင်းကူးတံတားကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ခွင့်ပြုလျာထားခြင်း မရှိသေးပါဘူးခင်ဗျား။ အဲဒီအဆိုပါ တံတားနဲ့ပတ်သတ်ပြီးတော့ ကျွန်တော်တို့ အသေးစိတ် ကွင်းဆင်းပြီးတော့ ပထမအဆင့်အနေနဲ့ Soil Test ပြုလုပ်ပြီးတော့ နည်းပညာကျွမ်းကျင်တဲ့ အင်ဂျင်နီယာများမှ Structure Design များ တွက်ချက် ပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်။

တင်ပြပါ တံတားဟာ ပေ(၃၇၀) ဖြစ်တဲ့အတွက်ကြောင့် ပေ(၃၀၀)အထက်တံတား ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာများနဲ့ အထောက်အကူပြု နိုင်တဲ့ပစ္စည်းတွေ မရှိသေးတဲ့အတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကွင်းဆင်း စစ်ဆေးပြီးတော့ လက်တလောတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး ခင်ဗျား။ သို့သော်လည်း ပထမ ကျွန်တော်တို့ ဒီနှစ်ထဲမှာ တိုင်းတာပြီးလို့ရှိရင်တော့ လာမယ့်နှစ်မှာ ကျွန်တော်တို့ ဦးစားပေးအဆင့်ထဲမှာ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ လျာထားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြပါမယ်။ ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ဖြေကြားရခြင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သတ်၍ ဆက်လက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျွဲတပ်-ကုန်းလှ-ရွာသစ်ကုန်း-တောင်ချွန်းလမ်းဟာ (၅)မိုင်နဲ့ (၃)ဖာလုံ ရှည်လျားပါတယ်။ မြေသားလမ်းလည်း ဖြစ်ပါတယ်။ ကျေးရွာ(၄)ရွာကို ပြည်သူလူထု(၁၅၉၆)ဦးကို အကျိုးပြုတဲ့လမ်းပဲ ဖြစ်ပါတယ်။

အဆိုပါလမ်း ဆောင်ရွက်လို့ရှိရင် ခန့်မှန်းအားဖြင့် ကျွန်တော်တို့ (၅)မိုင်နဲ့ (၃)ဖာလုံ အဆင့်မြှင့်မယ်ဆိုလို့ရှိရင်လည်းကောင်း၊ နောက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်မယ်ဆိုရင် လည်းကောင်း၊ ကျောက်ကြီးစီ သစ်သားတံတား (၄)ခု ဆောက်မယ်ဆိုလို့ရှိရင် စုစုပေါင်း ကျပ်ငွေ (၂၉၉.၃၁) သန်း ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ(၁၆.၂၆)သန်း လမ်းတံတားအတွက် ဒီနှစ် ခွင့်ပြုထားတာဖြစ်ပါတယ်။ သာစည်မြို့နယ်အနေနဲ့ ပြန်ကြည့်လို့ရှိရင်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၁၃၄၅.၄၇)သန်း ကျွန်တော်တို့ လမ်းတံတားအတွက် ခွင့်ပြုထားတာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သာစည်မြို့နယ် အတွင်းမှာ ရှိတဲ့ ကျွဲဒတ်-ကုန်းလှ-ရွာသစ်ကုန်း-တောင်ကျွန်းလမ်းကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်း မရှိပါဘူးခင်ဗျား။ သို့သော်လည်း လာမယ့်နှစ်မှာ ကွင်းဆင်း တိုင်းတာပြီးလို့ရှိရင် ခုနကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာလည်း ပါပါတယ်။

လမ်းဟာ တောင်တက်လမ်း ဖြစ်တဲ့အတွက်ကြောင့်မို့ တချို့နေရာတွေမှာ တံတားတို့၊ ရေပြွန်တို့၊ အတက်/အဆင်းတို့မှာ သေချာအောင် ကျောက်ခင်းရမှာ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဉ်အတိုင်း ကျွန်တော်တို့ ရန်ပုံငွေတောင်းခံပြီးတော့ တင်ပြသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သတ်လို့ ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ သစ်ချိုပင်အုပ်စု၊ ညောင်ပင်သာရွာမှ ပေါင်းတလည် အုတ်စွဲအုပ်စု၊ ဝန်တင်ဆိပ်ကျေးရွာကို ဆက်သွယ်ထားတဲ့ တောင်နဝင်းချောင်းကူးတံတားဟာ အရှည်ပေ(၁၅၀)၊ အကျယ်(၅)ပေ ဖြစ်ပါတယ်။ ကျေးရွာ(၁၃)ရွာ၊ ပြည်သူလူထု (၃၉၀၀)ကို အကျိုးပြု ပါတယ်။

အဆိုပါတံတားကို ခုန(၅)ပေကနေပြီးတော့ (၁၄)ပေအကျယ် အရှည်ကတော့ ကျွန်တော်တို့ ပေ(၁၅၀) သစ်သားတံတားပြန်ဆောက်လို့ရှိရင် ခန့်မှန်း သန်း (၆၀) ခန့်ကုန်မှာပါ။ ဒါပဲခူးတိုင်းကိုလည်း ကျွန်တော်တို့ တင်ပြခဲ့သလို ယခုနှစ်မှာ ၂၀၁၄-၂၀၁၅ မှာ (၁၉.၁၂၆) ဘီလီယံကျပ် လမ်းတံတား အတွက် ခွင့်ပြုထားပါတယ်။ ကျွန်တော်တို့ ပြည်မြို့နယ်အတွင်းမှာလည်း ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ (၇၇၄.၂၉)သန်း လမ်းတံတားအတွက် ကျွန်တော်တို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ပြည်မြို့နယ်အတွင်းမှာရှိတဲ့ တောင်နဝင်းချောင်းကူးတံတားကို ကျွန်တော်တို့ ကျေးလက်ဒေသ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်း မရှိသေးပါဘူး။ သို့သော်လည်း ကျွန်တော်တို့ အဆိုပါတံတားကို တံတားကလည်း ကျွန်တော်တို့ သစ်သားတံတားလည်း ဖြစ်ပါတယ်။ ကုန်ကျငွေကလည်း သန်း(၆၀)ခန့်ပဲ ရှိတဲ့အတွက် ကြောင့် လာမယ့် ၂၀၁၄-၂၀၁၅ မှာ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးထဲမှာ ထည့်သွင်းစဥ်းစားပြီးတော့ တောင်းခံသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၄) အနေနဲ့ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ တင်ပြမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ရေအိုးစင်ကျေးရွာမှ လက်ပံခုန် အုပ်စုအထိ ဆက်သွယ်ထားသော လမ်းဟာ (၇)မိုင်နဲ့ (၅)ဖာလုံ ဖြစ်ပါတယ်။ ရွာပေါင်း (၃၉)ရွာ၊ ပြည်သူပေါင်း (၁၆၈၈၀)ဦး အကျိုးပြု ပါတယ်။

အဆိုပါလမ်းကို (၆)ပေအကျယ် မြေနီကျောက်စရစ် ခင်းရန်အတွက် ခန့်မှန်းကုန်ကျငွေ (၄၆.၈၄)သန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာလည်း ကျွန်တော်တို့ ဒီနှစ် ခွင့်ပြုတဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ (၁၉.၁၂၆)ဘီလီယံ လမ်းတံတားများကို ခွင့်ပြုထားတာဖြစ်ပါတယ်။ မိုးညိုမြို့နယ် အနေနဲ့ အချုပ်အနေနဲ့ ကြည့်ရရင် ၂၀၁၄-၂၀၁၅ မှာ ဘဏ္ဍာရေးနှစ်မှာ (၂၆.၂၅)သန်း ကျွန်တော်တို့ လမ်းတံတား

အတွက် ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ မိုးညှိမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ရေအိုးစဉ်ကျေးရွာ၊ လက်ပံခုန်အုပ်စုအထိ ဆက်သွယ်ထားတဲ့ လမ်းကို မြေနီကျောက်စရစ်ခင်းမယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေဟာ (၄၆.၈၄)သန်း ကုန်ကျမှာ ဖြစ်တဲ့ အတွက်ကြောင့် ဒီ နှစ် ၂၀၁၄-၂၀၁၅ မှာတော့ ရန်ပုံငွေ ခွင့်ပြုထားခြင်းမရှိပါဘူး။

သို့သော်လည်း အဆိုပါ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ အသေးစိတ် ကွင်းဆင်းတိုင်းတာပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး အစီအစဉ် အနေနဲ့ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခက်ထိန်နန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝတရား ရှေ့ထားပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အင်္ဂလိပ် စကားလုံးများကို အသုံးပြုခွင့်ပြုပါရန် ကြိုတင်ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ အပစ်အခတ်ရပ်စဲရေး (Safe Fire)၊ ငြိမ်းချမ်းရေး ဖြစ်စဉ် (Peace Process) များဟာ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်ကို ပြန်ကြည့်တဲ့အခါ အကောင်းဆုံးသော အနေအထား အဆင့်တစ်ခုကို

အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပြီဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူရမှာ ဖြစ်သလို ပါဝင်ကြိုးစားသူ အားလုံးကိုလည်း အသိအမှတ်ပြု ဂုဏ်ပြု ကျေးဇူးတင်ကြရမှာ ဖြစ်ပါတယ်။ ထိုနည်းတူ ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန်လည်း မိဘပြည်သူများကိုယ်စား ထောက်ခံအားပေး တိုက်တွန်းသွားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပျဉ်းမနားမြို့ အနောက်တောင်ဘက် (၂)မိုင် (၃)ဖာလုံအကွာမှာရှိတဲ့ အလျှင်လိုကျေးရွာ ဒေသအခေါ် ဂျင်လိုကျေးရွာတွင် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားညီလာခံကို ကျင်းပပြီးတော့ ဖ.ဆ.ပ.လ အစိုးရကို ချေမှုန်းပစ်ရန် ဆုံးဖြတ်ချက်ချပြီး ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် စတင်တော်လှန်တိုက်ခိုက်ခဲ့ကာ ပြည်တွင်းပဋိပက္ခ စတင်ခဲ့တယ်လို့သိရှိရပါတယ်။ အဲဒီနောက်ပိုင်း တခြားတိုင်းရင်းသားများဟာလည်း လက်နက်ဆွဲကိုင်ပြီး အခွင့်အရေးများကို တောင်းဆိုတိုက်ခိုက်လာခဲ့ကြတာဟာ ပြည်တွင်းပဋိပက္ခဟာ မဆုံးနိုင်ဘဲ ကမ္ဘာမှာ သက်တမ်းအကြာဆုံးလို ဖြစ်လာရပါတယ်။

မြန်မာနိုင်ငံဟာ တစ်ချိန်က အရှေ့တောင်အာရှမှာ အချမ်းသာဆုံး၊ ပညာအတတ်ဆုံး၊ အားကစားတွင် အဆင့်မြင့်ဆုံး၊ ကမ္ဘာတွင် နံပါတ်(၁) ဆန်အထွက်ဆုံး နိုင်ငံအဖြစ်ကနေပြီး ပြည်တွင်းပဋိပက္ခကြောင့် အစစအရာရာမှာ အနိမ့်ကျဆုံးအနေအထားကို ရောက်ရှိသွားတဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးဟာ မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံး၊ အခြေခံအကျဆုံးနဲ့ အလိုအပ်ဆုံး ဖြစ်နေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်၌ အစိုးရအဆက်ဆက်ဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိအောင် နည်းမျိုးစုံဖြင့် အစွမ်းကုန် ကြိုးစားခဲ့တာကို တွေ့ရှိရပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ န.ဝ.တ၊ န.ယ.ကခေတ်နဲ့ ယခု ပါတီစုံ ဒီမိုကရေစီခေတ် အဆက်ဆက် ငြိမ်းချမ်းရေးရရှိအောင်ကြိုးစားခဲ့တာကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၆)နှစ်လုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးကို အစွမ်းကုန် ဆောင်ရွက်ခဲ့ကြသော်လည်း ယခု ပါတီစုံဒီမိုကရေစီခေတ်ကျမှ ငြိမ်းချမ်းရေးဆွေးနွေးခြင်းကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနဲ့အတူ စားပွဲတစ်ခုတည်း၊ အခန်းတစ်ခုတည်းတွင် တစ်ပြိုင်တည်း၊ လက်ရည်တစ်ပြင်တည်း အတူတကွ ဆွေးနွေးလာနိုင်ပြီး ငြိမ်းချမ်းရေးကို အဆင့်တစ်ခုရောက်အောင် တည်ဆောက်လာနိုင်တာကို တွေ့ရှိရပါတယ်။

အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ အပစ်အခတ်ရပ်စဲရေး (Safe Fire)၊ ငြိမ်းချမ်းရေးဖြစ်စဉ် (Peace Process) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲတဲ့ Framework, Political Dialogue လုပ်ငန်းစဉ် Single Test စသည်တို့ကို စနစ်တကျနဲ့ နိုင်ငံတကာဘောင်ဝင်သော လုပ်ငန်းစဉ်နဲ့အညီ ခိုင်မာတည်တံ့တဲ့ငြိမ်းချမ်းရေးရရှိအောင် အတူတကွ ဆွေးနွေးပြီး ကြိုးစားဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှလည်းပဲ လေ့လာသူများအဖြစ် ပါဝင်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်လာချိန်မှာ မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် ဖြစ်လာခဲ့တဲ့ ပြည်တွင်းပဋိပက္ခနဲ့ပတ်သက်ပြီး အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးကို သမိုင်းတွင်အကောင်းဆုံးသော အနေအထားအဆင့်တစ်ခုကို ရအောင် တည်ဆောက်လာနိုင်သောကြောင့် ငြိမ်းချမ်းရေးကြိုးစား တည်ဆောက်သူများကို ပြည်သူများနဲ့အတူ အထူးကျေးဇူးတင်ရှိရန် လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်တတ်သော နိုင်ငံ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ တရားမျှတပြီး တန်းတူညီမျှတဲ့ ခိုင်မာတည်တံ့တဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ကိုလည်း မိဘပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်မျှော်လင့် စောင့်စားလျက်ရှိနေပါသဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်သူများကို စိတ်ဓာတ်မကျပဲ ပို၍ ကြိုးစားအားထုတ်ဆောင်ရွက်သွားနိုင်ရန် ထောက်ခံအားပေးတိုက်တွန်းရန်လည်း လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမတစ်ချက်အနေနဲ့ ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းကို ၂၀၁၁ ခုနှစ် ဇွန်လ (၃၀) ရက်နေ့မှစ၍ စဉ်ဆက်မပြတ်ကြိုးစားခဲ့ကြပြီး ယနေ့ မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် အကောင်းဆုံးသောအနေအထား၊ စနစ်တကျရှိတဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ်အနေအထား အဆင့်တစ်ခုရောက်အောင်တည်ဆောက်နိုင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC)၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (Nation Wide Safe Fire Coordination Team - NCCT)၊ မြန်မာငြိမ်းချမ်းရေးစင်တာ (Myanma Peace Center - MPC)၊ Peace Talk Creation Group – PCG ၊ ငြိမ်းဖောင်ဒေးရှင်းနှင့်တကွ အခြားပါဝင်သူများကို ပြည်သူများနှင့်အတူ လွှတ်တော်မှ ကျေးဇူးတင်ရှိကြောင်းကို အမျိုးသားလွှတ်တော်တွင် မှတ်တမ်းတင်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း(၅၀)ကျော် လူ့သက်တမ်းတစ်ခုနီးပါး ကြာလာတဲ့အချိန်ကျမှ ဒီမိုကရေစီစနစ် နောက်တစ်ခါ ပြန်ပေါ်လာတဲ့အတွက်ကြောင့် ပြန်လည်ဆုံးရှုံးပျောက်ကွယ်သွားမှာကို ပြည်သူလူထုတစ်ရပ်လုံးက စိုးရိမ်ကြောင့်ကြလျက်ရှိပါတယ်။ မိမိတို့နိုင်ငံမှာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတဲ့ အခုလိုအချိန်မှာ ပြည်တွင်းငြိမ်းချမ်းရေးဟာ အရေးအကြီးဆုံးသော လိုအပ်ချက်တစ်ရပ် ဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ယခုအခြေအနေ ယခုအဆင့်အနေအထားမှနေပြီး အချိန်မနှောင်းစေဘဲ ဆက်လက်ကြိုးစား၍ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်သူလူထု တစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း ဆန္ဒပြင်းပြစွာဖြင့် လိုလားတောင့်တလျက်ရှိကြပါတယ်။

ဥက္ကဋ္ဌ ကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးမှ ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှာ ပြောကြားခဲ့တဲ့ မိန့်ခွန်း၌ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်ပါရှိပါတယ်။ မြန်မာနိုင်ငံရေးသမိုင်းကြောင်းတွင် ပဋိပက္ခများနှင့် အကျပ်အတည်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရတဲ့အတွက် အခြားနိုင်ငံထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်ကို မိမိတို့အားလုံး သင်ခန်းစာရခဲ့ကြပြီဖြစ်ပါ

ကြောင်း ထို့ကြောင့် တည်ငြိမ်အေးချမ်းသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် နိုင်ငံရေးအင်အားစုများအချင်းချင်းအကြား၌ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားပြီးတော့ ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဆွေးနွေးညှိနှိုင်း အဖြေရှာကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း လမ်းညွှန်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ ချစ်ခင်လေးစားရတဲ့ သမ္မတကြီးရဲ့မိန့်ခွန်းတွင် ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများကို ရှောင်ရှားပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း လမ်းညွှန်ပြောကြားချက်ဟာ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသော နယ်မြေဒေသရှိ ဒုက္ခရောက်နေကြတဲ့ ကျေးလက်ပြည်သူ တိုင်းရင်းသားများ အင်မတန်မှ လိုလားတောင့်တတဲ့ အချက်ဖြစ်တဲ့အပြင် လူလည်းကြိုက်၊ နတ်လည်းကြိုက် မိဘပြည်သူတစ်ရပ်လုံးလည်း လိုလားတောင့်တနေသော မျှော်လင့်ချက် ဖြစ်ပါတယ်။ သမ္မတကြီး မိန့်မှာလမ်းညွှန်တဲ့အတိုင်း မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများကဲ့သို့ ဆက်လက်မဖြစ်ပွားအောင် ရှောင်ရှားကြရန်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ရရှိလာတဲ့ သဘောတူညီချက်များကို အချိန်နဲ့တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လည်း အလွန်အရေးကြီးကြောင်းကို အလေးအနက် တင်ပြလိုပါတယ်။

ယနေ့ ကျွန်တော်တို့ အစိုးရအဖွဲ့နဲ့ မိမိတို့လွှတ်တော်ရဲ့ ပထမသက်တမ်းကာလအတွင်း ဖြစ်ထွန်းရရှိလာတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနဲ့ လက်ရှိဖော်ဆောင်လျက်ရှိတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဥ်များကို ချိတ်ဆက်မှုများ ပိုမိုပြုလုပ်ရန် လိုအပ်ပါတယ်။ ယခုအချိန်မှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ နိုင်ငံရေးပဋိပက္ခများကို ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်မှသာ မိမိတို့ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိတဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ကာလကြာရှည် အမြစ်တွယ်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တရားမျှတပြီး တန်းတူညီမျှသော ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်ဖို့ အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများကို စတင်နိုင်မယ့် နိုင်ငံရေးယဥ်ကျေးမှု လမ်းကြောင်းအသစ်ကိုလည်း ဦးတည်သွားနေပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဥ်များ၊ လုပ်ငန်းစဥ်များနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဥ်များကို အမျိုးသားနိုင်ငံရေး တာဝန်တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ချိတ်ဆက်လုပ်ဆောင်နိုင်ရန်၊ အားပေးထောက်ခံရန် နိုင်ငံသားတိုင်းက တာဝန်ရှိတယ်လို့ ခံယူပြီး လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကြိုးစားလျက်ရှိတဲ့ အပစ်အခတ်ရပ်စဲရေး (Safe Fire)၊ ငြိမ်းချမ်းရေးဖြစ်စဥ် (Peace Process)၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနဲ့ ပတ်သက်တဲ့ စည်းမျဥ်း၊ စည်းကမ်းများကိုရေးဆွဲတဲ့ Framework, Policital Dialogue လုပ်ငန်းစဥ်များကို ဆွေးနွေးခြင်း၊ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ Test (၂)ခုကို Single Test တစ်ခုတည်းဖြစ်အောင် ကြိုးစားညှိနှိုင်းဆွေးနွေးခြင်း၊ ထိုသို့ဆွေးနွေးရာတွင် Second Draft အဆင့်အထိ ဆောင်ရွက်နိုင်ခြင်း စတဲ့အခြေအနေကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ဤအခြေအနေမှနေပြီးတော့ ဆက်လက်၍ တရားမျှတပြီး တန်းတူညီမျှသော ခိုင်မာတည်တံ့တဲ့ ငြိမ်းချမ်းရေးကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စု

ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ညီညွတ်သောတိုင်းရင်းသားများဖယ်ဒရယ်ကောင်စီ (UNFC)၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (Nation Wide Safe Fire Coordination Team - NCCT)၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center - MPC)၊ (Peace Talk Creation Group)၊ ငြိမ်းဖောင်ဒေးရှင်းနဲ့ အခြားပါဝင်သူများအားလုံးကို အချိန်မီအောင်မြင်သည်အထိ ဆက်လက်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ၏ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်သည့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပါသဖြင့် အမျိုးသားလွှတ်တော်၌ ဆွေးနွေးသင့်ပါကြောင်း ကျွန်တော် ချင်းပြည်နယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ထောက်ခံပါသည်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှုများနှင့် အထွေထွေလျှုဒါန်းမှုများ အစီရင်ခံစာ (၄/၂၀၁၄)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီက ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှုများနှင့် အထွေထွေလျှုဒါန်းမှုများ အစီရင်ခံစာ(၄/၂၀၁၄)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးဆားရယ် (အဖွဲ့ဝင်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆားရယ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ၂၀၁၄ ခုနှစ်၊ မတ်လမှ ဇွန်လအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ(၄/၂၀၁၄)ကို ကော်မတီ၏ကိုယ်စား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်သည် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေး ကော်မတီ အား ၅-၈-၂၀၁၃ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် စတင်ဖွဲ့စည်းချိန်မှစ၍ နိုင်ငံအတွင်းရှိ ဒေသအသီးသီးများသို့ သွားရောက်ကာ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ လုပ်ငန်းများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုကို ခံယူ၍ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဦးဆောင်ကာ ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအစီရင်ခံစာသည် ကော်မတီ၏ ၂၀၁၄ ခုနှစ်၊ မတ်လမှ ဇွန်လအတွင်းလုပ်ငန်းဆောင်ရွက်မှုများအား အစီရင်ခံတင်ပြအပ်ပါသည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် ခရီးစဉ်

၂။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၏ ဦးဆောင်မှုဖြင့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီသည် ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၊ နံနက်(၇)နာရီ အချိန်တွင် နေပြည်တော်မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ စတင်ထွက်ခွာခဲ့ကြပါသည်။ အဆိုပါ

ခရီးစဉ်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် ကော်မတီအဖွဲ့ဝင်(၈)ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကယားပြည်နယ်တာဝန်ခံ ဦးလှသိန်းဆွေ တို့ လိုက်ပါခဲ့ကြပါသည်။

၃။ ကလောမြို့သို့ နံနက်(၁၀)နာရီအချိန်တွင် ရောက်ရှိပြီး နေလယ်စာ စားသုံး၍ (၁၀)နာရီ၊ (၃၀)မိနစ်အချိန်တွင် ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်သို့ (၁)နာရီ (၅၀)မိနစ် အချိန်ရောက်ရှိပြီး ဒေသကွပ်ကဲမှုစစ်ဌာနချုပ်၊ လွိုင်ကော်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများမှ ကြိုဆို၍ ငွေတောင်ရိပ်သာတွင် တည်းခိုကြပါသည်။ (၃)နာရီ (၁၅)မိနစ် အချိန်တွင် ငွေတောင်ရိပ်သာမှ တေးသမာကျေးရွာတံခွန်တိုင် ဗိမာန်သို့ ထွက်ခွာခဲ့ပြီးအဆိုပါဗိမာန်ရှိ ခန်းမတွင် ကေ့ထိုးဘိုးရိုးရာပွဲတော်အတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကျင်းပပါသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မှ အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် နှင့် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တို့က အလှူငွေ ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ပြောကြားခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီကိုယ်စား အလှူငွေကျပ်သိန်း (၁၀၀)ကို ကေ့ထိုးဘိုးရိုးရာ ဂေါပကအဖွဲ့ချုပ် ဦးပိုးရယ်အောင်သိန်း ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဦးပိုးရယ်အောင်သိန်း က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။ ထို့နောက် လွိုင်ကော်မြို့ရှိ ဆုတောင်းပြည့်မြို့နာမ်စေတီနှင့် တောင်ခွဲစေတီသို့ သွားရောက်ဖူးမျှော်ကြည်ညို၍ အလှူငွေ ကျပ်(၁၀)သိန်းစီ ပေးအပ်လှူဒါန်းခဲ့ပြီး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ငွေတောင်ရိပ်သာတွင် ညစာစားသုံး၍ ညအိပ် အခြေပြုပါသည်။

၄။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပသော အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တို့က အမှာစကားနှင့် ကျေးဇူးတင်စကားများ အသီးသီး ပြောကြား ခဲ့ကြပါသည်။ အလှူငွေနှင့် ပစ္စည်းများပေးအပ်ခြင်း ဆက်လက်ဆောင်ရွက်ရာ ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်အရ ပြည်နယ်အတွင်း လိုအပ်လျက်ရှိသော နေရာများတွင် အသုံးချရန် အလှူငွေကျပ်သိန်း(၉၀၀)ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက ပြည်နယ်သာသနာ့နုဂ္ဂဟ ဥက္ကဋ္ဌ ဦးတင်လှ သို့လည်းကောင်း၊ ဆန်အိတ် (၆၉၅)ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် မှ ခရစ်ယာန်သင်းအုပ်ဆရာ ဦးဂေးစရာ သို့လည်းကောင်း၊ အဝတ်အထည်မျိုးစုံ (၄၂၀၀)ထည်ကို ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် သို့လည်းကောင်း၊ ဗလာစာအုပ်ဒါဇင် (၃၉၀၀) ဒါဇင်ကို ပြည်နယ်တာဝန်ခံ ဦးလှသိန်းဆွေ မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါသည်။

အထက်ပါ လှူဒါန်းမှုအစုစုတို့အတွက် ရပ်မိရပ်ဖ ဦးစိုင်းသိန်းဦး မှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါသည်။ ဆက်လက်၍ ပြည်နယ်သာသနာ့ ဗိမာန်တွင် ဆေးဝါးကုသမှုခံယူနေသော အထွေထွေရောဂါကုလူနာများအား သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ ဆရာဝန်(၁၀)ဦးမှ လူနာ(၇၀၀)ဦးအား ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၆ ရက်မှ ၂၈ ရက် အတွင်းဆေးဝါးကုသပေးခဲ့ပါသည်။ ဆက်လက်၍ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိသော နည်းပြဆရာများ၏ သင်တန်းပို့ချနေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြ(၇)ဦးမှ ဆရာဖြစ်သင်တန်းသား(၂၃၈)ဦး၊ မူလတန်းသင်တန်းသား(၈၆)ဦး၊ အလယ်တန်းနှင့်အထက်တန်းသင်တန်းသား(၁၈၇)ဦးတို့အား သင်ကြားပို့ချပေးခဲ့ပါသည်။ ယင်းသင်တန်း အတွက် ယောဂီဝတ်စုံနှင့် စာအုပ်များ လှူဒါန်းခြင်း အပါအဝင် စုစုပေါင်းကျပ်သိန်း (၂၁၀)အကုန်ကျခံ ခဲ့ပါသည်။

၅။ နေ့လယ်ပိုင်းတွင် လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာ ခဲ့ကြပြီး စက်ရုံမှ တာဝန်ရှိသူများက စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ညနေပိုင်းတွင် ဒေသန္တရဗဟုသုတအဖြစ် ကြတ်ဂူသို့ သွားရောက်လေ့လာခဲ့ကြပြီး အဆိုပါနေရာတွင် သီတင်းသုံးလျက်ရှိသော ဆရာတော်အား အလှူငွေကျပ်(၃)သိန်းနှင့် ပစ္စည်းခြင်း ပေးအပ်လှူဒါန်း ခဲ့ကြပါသည်။ ညပိုင်းတွင် လွိုင်ကော်မြို့တော်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်မှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ညစာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြပြီး ရိုးရာအကများဖြင့် ဖြေဖျော်ခဲ့ကြပါသည်။

၆။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ နံနက်(၇)နာရီ (၃၀)မိနစ်အချိန်တွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံးခန်းမတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ဖားဆောင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်၍ နေအိမ်အမိုးများ ပျက်စီးသွား သဖြင့် လိုအပ်သောအိမ်မိုးသွပ် ပြား(၁၅၆၆)ချပ်အား အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီကိုယ်စား ပြည်နယ်တာဝန်ခံ ဦးလှသိန်းဆွေ မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသာစိန် သို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ကုန်းသာ (တောင်မော့) ရှိ ပရဟိတကျောင်းသို့ သွားရောက်ပြီး ဆရာတော်အား ဖူးမျှော်ကြည်ညိုကာ အလှူငွေနှင့် ပစ္စည်းခြင်းများ ပေးအပ်လှူဒါန်းခဲ့ပါသည်။ လွိုင်ကော်မြို့မှ နံနက်(၁၀)နာရီအချိန်တွင် ပြန်လည်ထွက်ခွာ၍ (၁၁)နာရီ၊ မိနစ်(၂၀)အချိန်တွင် ပင်လောင်းမြို့နယ်သို့ ရောက်ရှိကာ အမှတ်(၄)အခြေခံလေ့ကျင့်ရေးကျောင်းတွင် နေလယ်စာ စားသုံး၍ နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ခရီးစဉ်တစ်လျှောက် လှူဒါန်းမှုအစုစုနှင့် ကုန်ကျစရိတ်များကို ဇေကမ္ဘာကုမ္ပဏီမိသားစုမှ ကျခံသုံးစွဲခဲ့ပြီး အလှူငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ်(၁၇၇၄)သိန်းကျော် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရခိုင်ပြည်နယ်၊ ဂွမြို့ခရီးစဉ်

၇။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် ကော်မတီဝင်များ သည် ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဂွမြို့သို့ ရောက်ရှိခဲ့ကြပြီး ဂွမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တိပိဋကစက္ခုပါလအဖွဲ့၏ ခရီးစဉ်အမှတ်(၁၄) မျက်စိအလင်းအလှူပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု

လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း က မျက်စိခွဲစိတ်ကုသမှု ခံယူပြီးသော လူနာများအား မျက်မှန်များ တပ်ဆင်ပေး၍ ဆေးထုပ်များပေးအပ်ပြီး အားပေးစကား ပြောကြားပါသည်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မိသားစုမှ တိပိဋကစက္ကုပါလအဖွဲ့၏ ခရီးစဉ်အမှတ်(၁၄) မျက်စိအလင်း အလှူပွဲအတွက် ငွေကျပ်သိန်း(၁၀၀၀) ပေးအပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဝွမြို့နယ်၊ ကျိုက္ကလီမြို့နယ်ခွဲသို့ရောက်ရှိခဲ့ကြပြီး၊ ကျိုက္ကလီအခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက် ဖွင့်လှစ်ရန်အတွက် အလှူငွေကျပ်သိန်း(၅၀)၊ သိမ်ကုန်းဘုရားအတွက် အလှူငွေကျပ်သိန်း(၁၀၀)၊ ဆရာဝန်နှင့် ဆရာမများအတွက် ခရီးစရိတ် လှူဒါန်းငွေ ကျပ်သိန်း(၉၀)၊ မျက်စိ ဝေဒနာရှင်များအတွက် လှူဒါန်းငွေကျပ်သိန်း(၂၀)ကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က ပေးအပ်လှူဒါန်းခဲ့ပါသည်။

၈။ ဝွမြို့နယ်အတွင်း မျက်စိကုသခြင်းနှင့် ပတ်သက်၍ ၂၇-၄-၂၀၁၄ မှ ၁-၅-၂၀၁၄ အထိ သံယာ(၂၁)ပါး၊ ကျားလူနာ (၁၁၆၀)ဦး၊ မလူနာ (၂၁၁၆)ဦး စုစုပေါင်း(၃၂၉၇)ဦး ဆေးစစ်ခဲ့ကြပါသည်။ ၎င်းတို့ထဲမှ ကျားလူနာ (၂၃၉)ဦး၊ မလူနာ(၂၃၈)ဦး စုစုပေါင်း(၄၇၇)ဦးအား မျက်စိခွဲစိတ်ပေးခဲ့ပြီး မျက်မှန်နှင့် ဆေးဝါးများ လှူဒါန်းခြင်း၊ စာကြည့်မျက်မှန်(၁၄၀၀)လက် လှူဒါန်းနိုင်ခဲ့ပါသည်။ ဝွမြို့မှ (၄၇)မိုင်ဝေးသော ကျေးရွာများမှ မျက်စိလာရောက်ပြသသော လူနာများအတွက် ခရီးစရိတ် ကျပ်(၆၂) သိန်း၊ နေ့စဉ်ကျွေးမွေးဧည့်ခံစရိတ် ကျပ်(၈၅)သိန်းကျော်၊ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ရပ်ကွက် ကျေးရွာများမှ လူနာများနေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုစရိတ် ကျပ်(၁၅)သိန်းကျော် ဆရာဝန်ကြီးများအတွက် သီးသန့်ချက်ပြုတ်ကျွေးမွေးစရိတ် ကျပ်(၃၀)သိန်းကျော်၊ မီးစက်မောင်းနှင်ရန်နှင့် ဒီဇယ် ဝယ်ယူခြင်းနှင့် လေအေးပေးစက် တပ်ဆင်ပေးခြင်းအတွက် ကုန်ကျစရိတ်(၆၇)သိန်း၊ အခြားအထွေထွေ ကုန်ကျစရိတ်ကျပ် (၂၅)သိန်းကျော်တို့အား ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လှူဒါန်းခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်ခရီးစဉ်

၉။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီသည် ၂၃-၃-၂၀၁၄ ရက်နေ့ နံနက်(၆)နာရီအချိန်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ခန်းမသို့ နံနက်(၁၀း၀၀)အချိန်တွင် ရောက်ရှိခဲ့ကြပါသည်။ ခရီးစဉ်တွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဒေါက်တာခင်ရွှေ နှင့် ကော်မတီအဖွဲ့ဝင်(၇)ဦး၊ နယ်မြေခံကိုယ်စားလှယ်(၂)ဦးတို့ ပါဝင်ခဲ့ကြပါသည်။

၁၀။ ထို့နောက် အောင်ဓမ္မရိပ်သာတွင် အထွေထွေရောဂါကုသမှုခံယူနေကြသော လူနာများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

အထက်ဖော်ပြပါ အထွေထွေရောဂါကုသခြင်းနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချခြင်း ကိစ္စများတွင် ကုန်ကျစရိတ်ငွေများကို အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က ဆေးဝါးကုသမှုခံယူနေကြသော

လူနာ(၁၀၆၆)ဦးနှင့် သင်တန်းသားများအတွက် ယောဂီဝတ်စုံအပါအဝင် ကျပ်(၂၆၀)သိန်းနှင့် အသင်းရန်ပုံငွေ အဖြစ် ကျပ်သိန်း(၅၀) လှူဒါန်းခဲ့ပါသည်။

၁၁။ ကျုံပျော်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ဧရာမင်းခန်းမတွင် (၁)နာရီ (၂၀)မိနစ်အချိန်တွင် အခမ်းအနား ကျင်းပခဲ့ကြပါသည်။ အခမ်းအနားတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ(?) အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦး၊ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း တို့မှ မျက်စိဝေဒနာရှင်များအား လာရောက်ဆေးကုသပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

၁၂။ ထို့နောက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က မြသိန်းဇံစေတီ ရွှေသင်္ကန်း ကပ်လှူရန်အတွက် အလှူငွေကျပ်သိန်း(၅၀)၊ ဘိုးဘွားရိပ်သာတည်ဆောက်ရေးအတွက် အလှူငွေ ကျပ်သိန်း(၅၀)ပေးအပ်လှူဒါန်းခဲ့ပါသည်။ အခမ်းအနားကို ညနေ(၃)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး၊ တိုက်နယ်ဆေးရုံရှိ မျက်စိခွဲစိတ်ကုသမှု ခံယူနေကြသော လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

၁၃။ အထက်ပါခရီးစဉ်တွင် ငါးသိုင်းချောင်းမြို့နယ်၌ ဆေးဝါးကုသမှုခံယူနေသော လူနာစုစုပေါင်း (၂၅၃၀)ဦး ရှိခဲ့ပါသည်။ ကျုံပျော်မြို့နယ်ရှိ လူနာများထဲမှ မျက်စိခွဲစိတ်ကုသသူ လူနာ (၄၇၉) ဦးနှင့် မျက်မှန်တပ်ဆင်ပေးရသူ လူနာ (၁၈၂၆)ဦး ရှိပါသည်။ ယင်းအတွက် ကုန်ကျစရိတ် ကျပ်သိန်း (၈၅၀)ကုန်ကျခံခဲ့ပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းတွင် ဆရာဖြစ်သင်တန်းသား (၃၆၉)ဦး၊ အခြေခံသင်တန်းသား(၃၀၀)ဦးနှင့် ကလေးသင်တန်းသား(၂၉၅)ဦး၊ စုစုပေါင်း (၉၆၄)ဦးအား ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ သင်တန်းအတွက် ယောဂီဝတ်စုံ၊ စာအုပ်ဖိုးများကို အကုန်ကျခံခဲ့ပြီး အထက်ဖော်ပြပါခရီးစဉ်တစ်လျှောက် ကုန်ကျစရိတ်နှင့်ငွေစုစုပေါင်း ကျပ်သိန်း(၁၁၁၀)ကို ဇေကမ္ဘာကုမ္ပဏီမိသားစုမှ လှူဒါန်းခဲ့ပါကြောင်းတင်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(၄)မြို့နယ် ခရီးစဉ်

၁၄။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ သည် ကော်မတီအဖွဲ့ဝင် ဦးဝင်းနောင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တို့နှင့်အတူ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(၄)မြို့နယ်ဖြစ်သော ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့ပါသည်။

၁၅။ ဒလမြို့နယ်အတွင်းရှိ ကျောင်းသား/ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင်(၂၂၅၀) နှင့် ပစ္စည်းတန်ဖိုးငွေကျပ်(၃၈)သိန်းကျော် လှူဒါန်းခြင်း အခမ်းအနားအား သိရိဇေယျာအနော်ရထာ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က လာရောက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း ပြောကြားပါသည်။ ဒလမြို့နယ်အတွင်း ကျောင်းပေါင်း(၇၇)ကျောင်းရှိပြီး ကျောင်းသား/ကျောင်းသူ (၃၄၀၀၀)ကျော်ရှိရာ ယင်းကျောင်းသားများထဲမှ ထောက်ပံ့ပေးရန် လိုအပ်သော ကျောင်းသား/

ကျောင်းသူ (၄၅၀၀)ဦးအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဦး တို့မှ လာရောက်လှူဒါန်း ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း မှ ပစ္စည်းများကို လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

၁၆။ ဆက်လက်၍ တွံတေးမြို့နယ် တော်ဝင်စန္ဒကူးခန်းမ၌ ကျောင်းသား/ကျောင်းသူများအား ဗလာစာအုပ်(၂၄၉၄)ဒါဇင်နှင့် အလှူငွေကျပ် (၅၅)သိန်း (၈)သောင်းကျော်၊ စုစုပေါင်းတန်ဖိုးငွေကျပ် (၉၇)သိန်းကျော် လှူဒါန်းခြင်း၊ မြို့နယ်စာကြည့်တိုက်တွင် အသုံးပြုရန် WiFi အတွက် အလှူငွေကျပ် (၅)သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ဝတ်စုံစရိတ်ကျပ်(၃)သိန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ဝတ်စုံစရိတ်ကျပ်(၃)သိန်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့အတွက် ငွေကျပ်(၃)သိန်း၊ စိတ္တသုခလူမှုကုသိုလ်ပြုအသင်းအတွက် မတည်ငွေကျပ်သိန်း(၂၀) ပေးအပ်ခြင်း များကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဒေသခံ ဦးစောမြင့်ရွှေ က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ ပါသည်။

၁၇။ ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ထောက်ပံ့ပေးရန်လိုအပ်သော ဘုန်းတော်ကြီး ကျောင်းသင် ကျောင်းသား/ကျောင်းသူများနှင့် အခြေခံပညာကျောင်းများ၏ ကျောင်းသား/ကျောင်းသူ ပေါင်း(၂၉၃၆)ဦးအတွက် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က စုစုပေါင်းအလှူငွေကျပ်(၁၇၆)သိန်းကျော်အား ပေးအပ်လှူဒါန်းရာ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့် က လက်ခံပြီးကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

၁၈။ ဆက်လက်၍ ကော့မှူးမြို့နယ်အတွင်းရှိ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား/ ကျောင်းသူ (၅၀၁၄)ဦးအတွက် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီ စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က အလှူငွေကျပ် သိန်း(၁၀၀)ကျော်နှင့် ဗလာ စာအုပ်(၂၅၀၇)ဒါဇင်တို့အား အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ကော့မှူး မြို့နယ်အတွင်းရှိ ဆရာ/ဆရာမ(၂၀၈၅)ဦး အတွက် ကျောင်းဝတ်စုံဝယ်ယူရန် ထောက်ပံ့ငွေ ကျပ်သိန်း (၁၀၀)ကို ပေးအပ်လှူဒါန်းခဲ့ပြီး ကော့မှူးမြို့နယ်၊ ကျိုက်ထော်ကျေးရွာမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဖေ မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ထို့နောက် အိမ်ခြေ(၃၀၀)ကျော်ရှိပြီး အိမ်ထောင်စုလူဦးရေ (၁၉၀၀)ကျော် နေထိုင်သည့် ကော့မှူးမြို့နယ်၊ ဇလုပ်ကြီးကျေးရွာ မီးလင်းရေး အတွက် (100 KVA)ထရန်စဖော်မာ(၁)လုံး ပေးအပ်လှူဒါန်းခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်း ခရိုင်(၄)မြို့နယ်အတွက် လှူဒါန်းမှု စုစုပေါင်းမှာ ငွေ၊ ပစ္စည်းတန်ဖိုး(၁၄၂၇)သိန်းကျော် ဖြစ်ပါသည်။

အထွေထွေလှူဒါန်းခြင်း

၁၉။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ၏ တင်ပြချက်များအရ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ကျပ်သိန်း(၅၀) လှူဒါန်းခဲ့ပါသည်။ အဆိုပါ လှူဒါန်းငွေဖြင့် စစ်ရှောင် မိသားစုများမှ သား/သမီးများအား သင်ကြားပေးရန် ကွန်ပျူတာ (၁၀)လုံး တန်ဖိုးငွေ ကျပ်(၃၄)သိန်းနှင့် ကြို/ပို့ဆောင်ရွက်ရန် သုံးဘီးယာဥ်တစ်စီး တန်ဖိုးငွေကျပ်(၁၆)သိန်း ဝယ်ယူခဲ့ပါသည်။ အဆိုပါ

ပစ္စည်းများဖြင့် သင်တန်းအမှတ်စဉ် (၄)တွင် သင်တန်းသား(၂၀)ဦးအား သင်ကြားပေးနိုင်ခဲ့ပြီး ယခု သင်တန်းအမှတ်စဉ်(၅)တွင် သင်တန်းသား(၇၁)ဦး သင်ကြားတက်ရောက်လျက်ရှိပါသည်။

၂၀။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ၏ တင်ပြချက်အရ မက်မန်းမြို့နယ်၊ တာကော်လေးကျေးရွာအုပ်စုရှိ နှစ်ပေါင်း(၂၅၀)ကျော်ကတည်းက တည်ဆောက်ခဲ့သည့် ယိုယွင်းပျက်စီးလျက်ရှိသော ဘုန်းကြီးကျောင်း ပြုပြင်ရန်အတွက် အလှူခံရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က အလှူငွေကျပ်သိန်း(၁၀၀) အား လှူဒါန်းခဲ့ပါသည်။

၂၁။ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)ဆံ့တွင် လိုအပ်လျက်ရှိသော အဝတ်လျှော်စက် တန်ဖိုးကျပ်သိန်း(၁၁၀)၊ အခြောက်ခံစက်တန်ဖိုးကျပ် (၆၅)သိန်းနှင့် တပ်ဆင်စရိတ်ကျပ်(၅)သိန်း စုစုပေါင်းလှူဒါန်းငွေကျပ်(၂၂၅)သိန်း လှူဒါန်းနိုင်ခဲ့ပါသည်။

၂၂။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ သည် ၂၀၁၄ ခုနှစ်၊ မတ်လ မှ ဇွန်လအတွင်း ဆောင်ရွက်ခဲ့မှုများမှာ

(က) ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ် ခရီးစဉ်တွင် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း(၁၁၁၀)သိန်း၊

(ခ) ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် ခရီးစဉ်တွင် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ကျပ်(၁၇၇၄)သိန်းကျော်၊

(ဂ) ရခိုင်ပြည်နယ်၊ ဂွမြို့ခရီးစဉ်တွင် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းကျပ် (၁၅၉၅) သိန်းကျော်၊

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် (၄)မြို့နယ်တွင် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း(၁၄၂၇)သိန်းကျော်၊

(င) အထွေထွေကိစ္စရပ်များအတွက် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း (၃၇၅)သိန်း၊

(စ) ကွမ်းခြံကုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့အတွက် လူနာတင်ယာဉ်ကား(၁)စီး၊ ကျပ်သိန်း (၅၀၀)၊

၂၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ၏ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်ခရီးစဉ်၊ ကယား ပြည်နယ်၊ လွိုင်ကော်မြို့နယ်ခရီးစဉ်နှင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ခရီးစဉ်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်များအတွင်း လှူဒါန်းခြင်း၊ ကူညီ စောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အထွေထွေလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ လှူဒါန်းမှု စုစုပေါင်းငွေကျပ်(၆၇၈၃)သိန်းကျော်ရှိကြောင်း လွှတ်တော်သို့ တင်ပြအစီရင်ခံအပ်ပါသည်။ ယင်းကုန်ကျ ငွေအားလုံးကို ဇေကမ္ဘာကုမ္ပဏီမိသားစုတို့မှ လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင် တင်ပြအပ်ပါသည်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီက ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှုများနှင့် အထွေထွေလျှောက်ထားမှုများအစီရင်ခံစာ(၄/၂၀၁၄)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၁)ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]